၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.801, FEBRUARY 13, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**DVB ၊ ဖေဖေါ်ဝါရီ ၁၀ ။** ။တိုင်းနဲ့ပြည်နယ် ၈ ခုက လူငယ်တွေ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့ပါတယ်။ ဒီကနေ့တွေ့ဆုံမှုဟာ ဒုတိယမြောက်နေ့တွေ့ဆုံမှုဖြစ်ပြီး မနေ့ကတော့ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း စတဲ့ ပြည်နယ်နဲ့တိုင်းအတွင်းက လူငယ် ၂၀၀ ကျော်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ပြည်တွင်းပြည်ပ လူငယ်ကွန်ရက်ဖွဲ့နိုင်ရေးအတွက် အဓိကဆွေးနွေးခဲ့တယ်လို့သိရပါတယ်။ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူငယ်တွေ တွေ့ဆုံမှုအခြေအနေသိရဖို့ကိုယ်တိုင်တက်ရောက်ခဲ့သူ ရှမ်းပြည်နယ် တောင်ကြီးမြို့က လူငယ်တဦးက အခုလိုပြောပါတယ်။

"အကျိုးကတော့ တော်တော်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းနဲ့ပြည်နယ်အသီးသီးက လူငယ်တွေလာပြီးတော့ သူတို့ဒေသတွေရဲ့အခက်အခဲတွေ သူတို့ဒေသမှာဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ပွင့်ပွင့်လင်းလင်းပြောကြတယ်၊ တိုင်ပင်ဆွေးနွေးကြတယ်။ အဲလိုမျိုး တယောက်နဲ့ တယောက်အဆက်သွယ်ရအောင်လုပ်ကြတယ်။ အဲဒီအတွက် အများကြီးအကျိုးရှိပါတယ်"။

တယောက်နဲ့တယောက် အဆက်အသွယ်ဆိုတာ ဒီနေ့ တွေ့ဆုံပွဲမှာ ဘယ်ဒေသတွေက ဘယ်လိုလူငယ်တွေလာပြီးတော့ ဘယ်လိုအဆက်အသွယ်တွေရကြသလဲ၊ ပြောပြပေးပါလား။

"ဘယ်ဒေသကလည်းဆိုတော့ တိုင်းနဲ့ပြည်နယ် ၈ ခုရှိတယ်ချင်းတို့၊ ကချင်တို့ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နောက်ထပ်ပါသေးတယ်၊ အဲဒီ ၈ ခုကလာကြတယ်။ လာကြတဲ့လူငယ်တွေကသူတို့ရဲ့လိပ်စာတွေကော ဘာတွေကောအကုန်လုံးပေ့ါ။ ကျမတို့ ဘယ်လို ဆက်သွယ်နိုင်မလဲ၊ တယောက်နဲ့တယောက် ဘယ်လိုကောင်းအောင်ဆက်လုပ်ကြမလဲ တိုင်းပြည်အတွက်ပေ့ါ။"

နောက်တခါ တိုင်းနဲ့ပြည်နယ် ၈ ခုက လူငယ်ပေါင်းစုံက ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးတယ်ဆိုတာ ပြောပြလို့ရမလားခင်ဗျ။

"လူမှုရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ပညာရေးပေ့ါ၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ နောက်ဥပဒေရေးရာ၊ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျမတို့ဆွေး နွေးဖြစ်ပါတယ်။ ကျမတို့ဆွေးနွေးတဲ့ဥစ္စာကို ဒေါ်အောင်ဆန်းစုကြည်က ပြန် ဆွေးနွေးဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြန်ပြီးတော့ လူငယ်တွေကို ဆွေးနွေးအကြံပေးတဲ့အခါမှာ ဥပမာအားဖြင့် ဘယ်လိုမျိုးအကြံပြုချက်တွေ တွေ့ရလဲ၊ လူငယ်တွေ အနေနဲ့ကော ဘယ်လိုပြန်ဆွေးနွေးတာရှိလဲ။

"လူငယ်တွေက သူတို့ရဲ့စိတ်ထဲမှာ ရှိတဲ့အကြောင်းအရာတွေကို ပွင့်ပွင့်လင်းလင်းထုတ်ပြောကြတယ်၊ အန်တီကလည်း အဲဒီအပေါ်မှာ ဘယ်လိုလုပ်သင့်တယ်ဆိုတာသူကပြောပြပါတယ်။ အန်တီစုပြောတဲ့ထဲမှာ မှတ်သားစရာကောင်းတာကတော့ ကိုယ့်ပြည်ထောင်စုထဲမှာရှိနေတဲ့သူတွေအချင်းချင်း တယောက်နဲ့တယောက်၊ တယောက်လုပ်တာ တယောက်မတူတာသာရှိချင်ရှိမယ်၊ ဒါပေမယ့် မမုန်းကြဖို့ပေ့ါ။ အကုန်လုံး ကောင်းကောင်းမွန်မွန် ဆွေးနွေး တိုင်ပင်လို့ရတယ်၊ ပြဿနာကို အဖြေရှာလို့ရတယ်၊ အဲဒါတခုကတော့ မှတ်သားစရာပါပဲ။"

ဟုတ်ကဲ့ လူငယ်တွေပြန်ဆွေးနွေးကြတဲ့အထဲမှာ လူငယ်တွေစိုးရိမ်နေတဲ့ စစ်မှုထမ်းဥပဒေနောက်ပြီးတော့ တိုင်းရင်းသားတွေကြားထဲမှာ အခွင့်အရေးတန်းတူတွေ မရခြင်းကိစ္စတွေ၊ နောက်နယ်တွေမှာ ဖြစ်နေတဲ့ အာဏာပိုင်တွေစီက လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စတွေ၊ နောက်ပညာရေးအရ နိမ့်ကျတာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှု နိမ့်ကျတာတွေ အဲလိုမျိုးတွေ့ရပါတယ်။ အဲဒီအထဲမှာ အများအားဖြင့် တူညီတဲ့အကြောင်းအရာက ဘယ်အရာများဖြစ်ပါသလဲခင်ဗျ။

"အကြောင်းအရာ တူညီတာကတော့ စစ်မှုထမ်း ဥပဒေထွက်လာတဲ့အတွက်ကြောင့် လူငယ်တွေကြားထဲမှာ တော်တော်လေး တုန်လှုပ်မှုဖြစ်သွားတယ်။ ပြီးတော့ စီးပွားရေးနဲ့ပတ်သက်တဲ့ကိစ္စ၊ ပညာရေးနဲ့ပတ်သက်တဲ့ကိစ္စ၊ တော်တော်များများ ဆွေးနွေးဖြစ်ပါတယ်။"

အခု ဒီဆွေးနွေးပွဲတက်ရောက်ပြီး ပြန်တဲ့အခါကျရင် ကိုယ့်နယ်မှာ ပိုပြီးတော့ တိုးတက်ကောင်းမွန်လာအောင် ကြိုးစားအားထုတ်ဖို့ ဘယ်လိုများ မျှော်လင့်ချက်တွေ ရလာလဲ၊ အဲဒါလေး ပြောပြပေးပါလားခင်ဗျ။ **စာမျက်နှာ ၃ သို့**


| | | | | | |
|---|---|---|---|---|---|
| **တိုင်းရင်းသားအမျိုးသားနေ့ များ အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်စေလို** | **မြန်မာပြည်ကလာတဲ့စာ** | **တွေ့ဆုံဆွေးနွေးရေးစားပွဲတက်လာဖို့ အဖွဲ့ချုပ်ထပ်မံတောင်းဆို** | **အမျိုးသားပြန်လည်သင့်မြတ်ရေး ၈၈ မျိုးဆက်ကျောင်းသားများ တိုက်တွန်း** | **နအဖတပ်စခန်း ၄ ခုကို ဒီကေဘီအေနှင့် ကေအန်ယူပူးပေါင်းတပ်တို့ တိုက်ခိုက်** | **နိုင်ငံရေးအကျဉ်းသားများထောင်ဝင်စာ ပိတ်ပင်ခံရမှုပိုများလာနေ** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၄** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၄** |

# ဖခင်ဗိုလ်ချုပ်မွေးနေ့မှာ ဒေါ်အောင်ဆန်းစုကြည် ပညာဒါနပြုလုပ်

**DVB । ဖေဖေါ်ဝါရီ ၁၁ ။** ။ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ဟာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ကျရောက်မယ့် ဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၉၆ နှစ် ပြည့်မွေးနေ့ အထိမ်းအမှတ်အနေနဲ့ ဒီကနေ့ ပညာဒါနပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်အတွင်းက မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး စတဲ့ ၄ မြို့နယ်က မူလတန်းကျောင်းပေါင်း ၁၀၀ ကို ကျပ်ငွေ သိန်း ၁၀၀ နီးပါးတန်ဖိုးရှိတဲ့ကျောင်းသုံးဗလာစာအုပ်တွေ လှူဒါန်းခဲ့တာလို့ ကိုယ်တိုင် သွားရောက်လှူဒါန်းခဲ့တဲ့ အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ခေါင်းဆောင်ဒေါ်မေဝင်းမြင့်က ပြောပါတယ်။

"ဗိုလ်ချုပ်က လာမယ့်နှစ်က ၉၆ နှစ်မြောက်မွေးနေ့လေ။ ဆိုတော့ တိုက်ကြီးမြို့နယ်မှာ မူလတန်းအဆင့် စာသင်ကျောင်း ၂၅ ကျောင်း၊ တကျောင်းကို ၉၆ ဒါဇင်နှုန်းနဲ့ ဒါဇင်ပေါင်း ၂၄၀၀ ပေါ့။ အဲဒါမျိုး ၄ မြို့နယ်လှူတာယ်၊ အထက်တန်းကျောင်းတွေကိုတော့ မလှူဘူး။ မူလတန်းကျောင်းမှာမှ ဆင်းရဲတဲ့ ကျောင်းတွေပေါ့နော်။ တိုက်ကြီးဆိုလည်း တိုက်ကြီးမြို့နယ်အတွင်း မဟုတ် ဘူး၊ တိုက်ကြီးမြို့နယ်အတွင်းက ကျေးရွာကျောင်းတွေကို လှူတာပေါ့။ လှည်းကူး ဆိုရင်လည်း တကယ့်ကို တောဘက်ကကျောင်းတွေ။ နောက်ပြီးတော့ ဘက ကျောင်းဘုန်းတော်ကြီးသင် ကျောင်းတွေပေါ့နော်။ မြို့ပေါ်မှာ အထက်တန်း ကျောင်းတွေမှာရှိတဲ့ မူလတန်းမဟုတ်ဘဲနဲ့ မူလတန်းသက်သက်နွမ်းပါးတဲ့ ကျောင်းတွေကို သူတို့လိုက်ပြီးတော့ လှူမှာဖြစ်ပါတယ်။"

၄ မြို့နယ်က စာသင်ကျောင်း ၁၀၀ ကို မနေ့ကစပြီး ဒေသခံအဖွဲ့ချုပ် ဝင်တွေနဲ့အတူ အဖွဲ့ ၄ ဖွဲ့ခွဲပြီး သွားရောက်လှူဒါန်းခဲ့ကြတာလို့ ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူးနဲ့ မင်္ဂလာဒုံစတဲ့ စစ်တပ်နယ်မြေက စာသင်ကျောင်းတွေကို ရွေးပြီး ပညာဒါနပြုလုပ်ရတဲ့ အကြောင်းကိုလည်း ဒေါ်မေဝင်းမြင့်က အခုလို ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ သူက ဒီ ၄ မြို့နယ်ကို ဘာကြောင့် ရွေးလိုက်သလဲဆိုတော့ ဒီထဲမှာ မင်္ဂလာဒုံမြို့နယ်တို့၊ မှော်ဘီမြို့နယ်တို့ ဆိုတာတပ်နယ်မြေတွေပေါ့နော်။ တပ်နယ်မြေတွေဆိုတော့ ဒေါ်စုရဲ့အစွဲလမ်းလေးကလည်း ဘယ်လိုလဲဆိုတော့ ဒေါ်စုက သူ ၁ နှစ်သမီးမှာ သူ့ဖခင်ဗိုလ်ချုပ် ဆုံးပါးကျဆုံးသွားတဲ့အခါမှာ တပ်က ဗိုလ်ချုပ် ထောင်ခဲ့တဲ့ တပ်ပဲလေ။ သူက တပ်မတော်သားတွေ၊ ရဲဘော်တွေ လက်ထဲမှာ ကြီးပြင်းခဲ့ရတယ်။ သူ့အနေနဲ့က ရဲဘော်လေးတွေကို သူကချစ်တယ်။ ချစ်တော့ ဒီမင်္ဂလာဒုံတို့၊ မှော်ဘီတို့မှာရှိတဲ့ တပ်မတော်သားမိသားစုနေတဲ့ ကျောင်းလေးတွေကိုလည်း ဦးစားပေးပြီးတော့လှူချင်တာပေါ့။ ဒါကြောင့်မို့ သူက မြောက်ပိုင်းခရိုင်ကိုရွေးပြီးတော့ လှူတာ ဖြစ်ပါတယ်။"

ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာလည်း ဗိုလ်ချုပ်မွေးနေ့နဲ့ မြန်မာနိုင်ငံ ကလေးများနေ့ အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်ကဦးစီးပြီး အဖွဲ့ချုပ် ရုံးချုပ်မှာ ကျင်းပဖို့ရှိတယ်လို့လည်း ဒေါ်မေဝင်းမြင့်က ပြောပါတယ်။

---

# စစ်ဆင်ရေးမှာ ရှေ့တန်းက တိုက်ခိုက်ဖို့ ကရင်နယ်ခြားစောင့်တပ်များ ငြင်းဆန်

**RFA । ဖေဖေါ်ဝါရီ ၈ ။** ။ မြန်မာစစ်အစိုးရတပ်တွေဟာ ကေအန်ယူ ကရင်အမျိုးသား အစည်းအရုံး လက်အောက်ခံ တပ်မဟာ (၇) ဌာနချုပ် နယ်မြေကို အလုံးအရင်းနဲ့ စစ်ဆင်နိုင်ဖို့အတွက် နယ်ခြားစောင့်တပ် ပြောင်းလဲထားတဲ့ DKBA ခွဲထွက် ကရင်တပ်တွေကို ရှေ့တန်းက ထိုးဖောက်ဖို့ ညွှန်ကြားထားပေမဲ့ နယ်ခြားစောင့် တပ်ရင်းတွေက အမိန့် မနာခံပဲ ရပ်တံ့နေကြတယ်လို့ သတင်းရရှိပါတယ်။

တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်ဖွဲ့ (DKBA) ကို နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရန်စစ်အစိုးရ၏ဖိအားပေးမှုကို လက်မခံပဲ ပြန်လည် တိုက်ခိုက်နေသော ဗိုလ်နှုတ်ခမ်းမွေး ခေါ် ဗိုလ်မှူးချုပ် စောလားပွယ် ဦးဆောင်သည့် ခွဲထွက်အဖွဲ့မှ တပ်ဖွဲ့ဝင်များ ဖြစ်ပါသည်။

အခုလို ရှေ့တိုးဖို့ ငြင်းဆန်နေတဲ့ တပ်တွေကတော့ ဗိုလ်မှူး စောမောင်ဝင်း ခေါင်းဆောင်တဲ့ BGF နယ်ခြားစောင့်တပ်အမှတ် ၁၀၁၉ နဲ့ ဗိုလ်မှူး စောလှိုင်စိမ့် ခေါင်းဆောင်တဲ့ နယ်ခြားစောင့်တပ်အမှတ် ၁၀၁၇ တို့ ဖြစ်ပါတယ်။ ဒီတပ်တွေဟာ မြေမြှုပ်မိုင်း အန္တရာယ်ကို အကြောင်းပြပြီး ရှေ့တိုးဖို့ ငြင်းဆန်နေတာ ဖြစ်တယ်လို့ ကေအန်ယူ ဖားအံခရိုင် ဥက္ကဋ္ဌ ဖဒိုစောအောင်မော်ဧကေ ပြောပါတယ်။

"တပ်မဟာ ၇ ဌာနချုပ်နေရာကို ရှင်းမယ်လေ၊ လာမယ်ဆိုတော့ အဲဒါ BGF တွေကို အရင် လာခိုင်းတာပေါ့နော်။ အဲဒါ သူတို့ BGF ကလည်း ငါတို့ မသွားရဲဘူး မင်းတို့ အရင်သွားဆိုပြီးတော့ သူမသွား ချင်ဘူး၊ ငါမသွားချင်ဘူးနဲ့ နည်းနည်းလောက်ပဲ လာပြီးတော့ သူတို့ ရပ်နေတယ်။ ငါတို့မသွားဘူး၊ မိုင်းရှိတယ်၊ သွားရင်တော့ မိုင်းထိမယ် ပေါ့။"

အဲဒီ နယ်ခြားစောင့်တပ်တွေကို စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် စကခ-၁၉ တပ်က အမိန့်ပေး ညွှန်ကြားနေတာလို့ သိရပါတယ်။

စစ်အစိုးရရဲ့ BGF နယ်ခြားစောင့်တပ် ပြောင်းလဲသွားတဲ့ ဒီကေဘီအေ တပ်ဖွဲ့ဝင်တွေက ကရင်တိုင်းရင်းသား အချင်းချင်း တိုက်ခိုက်ရမှာကို မလိုလားတဲ့အတွက် BGF နယ်ခြားစောင့်တပ်ကနေ ထွက်ပြေးပြီး ကေအန်ယူနဲ့ ပြန်လည် ပူးပေါင်းလာမှုတွေဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလကစလို့ သိသိသာသာ တိုးများလာတယ်လို့ ကေအန်ယူတပ်မဟာ (၇) အရာရှိတွေက ပြောပါတယ်။

---

စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ... "အခုဒီဥပဒေတွေဟာ NLD အတွက် ကြီး မားတဲ့ စိန်ခေါ်မှုတွေ အများကြီးပါနေပါ တယ်။ ဒီလို စိန်ခေါ်မှုတွေကို ကျမအနေနဲ့ စိတ်မပျက်ပါဘူး။ ဒီလို ကြီးမားတဲ့ စိန်ခေါ်မှု တွေကို ရင်ဆိုင်ဖို့ အင်အားတရပ်ကိုတောင် မှ ပြန်လည်မွေးမြူရာရောက်ပါတယ်။ ပြည် သူလူထုကလည်း အဲသလို သဘောထားပြီး ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အထူးသဖြင့် အဖွဲ့ချုပ်ဒီမိုကရေစီလိုလား သူများနဲ့ တသား တည်း ရင်ဆိုင်ဖို့ လိုအပ်ပါတယ်"

**ဒေါ်အောင်ဆန်းစုကြည်**

# တိုင်းရင်းသား အမျိုးသားနေ့များ အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်စေလို

**VOA ၊ ဖေဖော်ဝါရီ ၁၉ ။** ။ မြန်မာနိုင်ငံတွင်း လွတ်လွတ်လပ်လပ်ကျင်းပခွင့်မရတဲ့ မွန်အမျိုးသားနေ့နဲ့ ချင်းအမျိုးသားနေ့တွေကို ပြည်ပရောက် တိုင်းရင်းသားတွေက သူတို့ရောက်ရှိရာဒေသတွေမှာ စုစည်းကျင်းပခဲ့ကြပါတယ်။ မြန်မာနိုင်ငံတွင်း တိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားတန်ဖိုးထားနိုင်ဖို့ ဒီလိုအမျိုးသားနေ့တွေကို တရားဝင် ရုံးပိတ်ရက်မျိုး ဥပဒေပြဋ္ဌာန်းသင့်တယ်လို့ တိုင်းရင်းသားတွေက ယူဆပါတယ်။ ကိုသားညွှန့်ဦးက စုံစမ်းမေးမြန်းပြီး တင်ပြထားပါတယ်။

ဖေဖဝါရီလ ၁၉ ရက်နေ့ဟာ (၆၄) နှစ်မြောက် မွန်အမျိုးသားနေ့ဖြစ်ပြီးတော့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ကတော့ (၆၃) ကြိမ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းမှာတော့ ဒီအမျိုးသားနေ့ နှစ်ရက်စလုံးကျင်းပဖို့ ကန့်သတ်မှုတွေအမျိုးမျိုး နဲ့ကြုံနေရပါတယ်။ မြန်မာနိုင်ငံ မွန်ပြည်နယ်အတွင်းမှာ မွန်အမျိုးသားနေ့ကို မနေ့က လုပ်ခဲ့ကြပေမဲ့ အာဏာပိုင်တွေရဲ့ စောင့်ကြည့်မှုနဲ့တင်း ကျပ်မှုတွေ အတော်များများကြုံခဲ့ရတယ်လို့ မွန်အမျိုးသားတဦးဖြစ်တဲ့ နိုင်ယက္ခက ပြောပါတယ်။

"လုပ်တော့ လုပ်တယ်။ ဒါပေမဲ့ အခမ်းအနားမိန့်ခွန်းတို့ဘာတို့ ပြင်ဆင်စာ ကြိုတင်ရတယ်။ မြို့နယ်ဆိုရင် မြို့နယ်အဆင့်၊ ပြည်နယ်မှာ ပြည်နယ်အဆင့်၊ ကျေးရွာလည်း ကျေးရွာအဆင့် လူကြီးတွေပြောမယ့် မိန့်ခွန်းတွေ သူတို့ကို တင်ပေးရတယ်။"

မွန်အမျိုးသားနေ့ဆိုတာကတော့ ဟံသာဝတီ မွန်တိုင်းပြည်ထူထောင်ခဲ့တဲ့နေ့ကိုအစွဲပြုပြီး မွန်ခေါင်းဆောင်တွေက လွန်ခဲ့တဲ့ (၆၄) နှစ်ကစပြီး သတ်မှတ်ကျင်းပခဲ့တာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဖို့ဒ်ဝိန်းမြို့မှာတော့အမေရိကန်စံချိန်အချုပ်ဝိုင်းမှာနိုင်ယက္ခဦးဆောင်ပြီးတော့ မွန်အမျိုးသားနေ့ကိုကျင်းပပါတယ်။ မွန်ယဉ်ကျေးမှုစာပေအကြောင်းဟောပြောပွဲ၊ ယဉ်ကျေးမှုအကနဲ့ မွန်အမျိုးသားနေ့အခမ်းအနားတွေကို နိုင်ငံရေးအသွင်ဆောင်ပြီး ကျင်းပကြပါတယ်။ တချိန်တည်းပဲ အမေရိကန်စံချိန် အချုပ်ဝိုင်းမှာ ဝါရှင်တန်ဒီစီအနီးမှာ ချင်းအမျိုးသားနေ့ကိုလည်း ကျင်းပပြုလုပ်ပါတယ်။

မွန်လူမျိုးတွေဟာ တချိန်က ကိုယ့်ထီးကိုယ့်နန်းရပ်တည်ခဲ့တယ်ဆိုတာကို အမှတ်ရစေဖို့ မွန်အမျိုးသားနေ့ကို ကျင်းပကြတာဖြစ်ပေမဲ့ ချင်းအမျိုးသားနေ့ဆိုတာကတော့ ချင်းပြည်မှာ ပဒေသရာဇ်စနစ်ကို အဆုံးသတ်ပြီး ဒီမိုကရေစီစနစ်ထူထောင်တဲ့ အထိမ်းအမှတ်ဖြစ်တယ်လို့ ဝါရှင်တန်ဒီစီ ချင်းအမျိုးသားနေ့ကို ဦးဆောင်ကျင်းပသူ ဦးတလျာဟူးကပြောပါတယ်။ ဒီလိုနေ့မျိုးကို နိုင်ငံတော်အာဏာပိုင်အစိုးရအနေနဲ့ တရားဝင် ရုံးပိတ်ရက် လို နေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်ပေးသင့်တယ်လို့ ပြောပါတယ်။

"ချင်းအမျိုးသားနေ့ကို ၁၉၅၁ ခုနှစ်မှာ စကျင်းပတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးန ကိုယ်တိုင် တက်ရောက်အသိအမှတ်ပြုခဲ့တယ်။ ဒါပေမဲ့ စစ်တပ်လက်ထက်မှာ ချင်းအမျိုးသားနေ့အဖြစ်နဲ့မကျင်းပရဘူး။ ၁၉၇၄ ခုနှစ်မှာ ပြည်နယ်အဆင့် သတ်မှတ်တဲ့အတွက် ပြည်နယ်နေ့အဖြစ် ကျင်းပရမယ်လို့သတ်မှတ်ပေးတယ်။ အင်မတန်အရေးကြီးတဲ့ အမျိုးသားနေ့ကို အမှန်ကတော့ ဥပဒေတခုအနေနဲ့ ပြဋ္ဌာန်းပေးရမယ်။ တရားဝင် အစိုးရအားလပ်ရက်အဖြစ်သတ်မှတ်ပေးရမယ်။ အများကြီး စဉ်းစားသင့်တယ်။ ပြည်တွင်းမှာ တိုင်းရင်းသားအချင်းအချင်း တယောက်နဲ့တယောက် အသိအမှတ်ပြုပြီးတော့ လေးစားရမယ်။ အဲဒါမှသာလျင် ခိုင်မြဲတဲ့ ငြိမ်းချမ်းမှုတို့တိုးတက်မှုတို့ ဖြစ်လာမယ်။"

ဝါရှင်တန်ဒီစီဧရိယာမှာလုပ်တဲ့ချင်းအမျိုးသားနေ့မှာတော့ရိုးရာအစားအစာနဲ့ပစ္စည်းဈေးရောင်းပွဲနဲ့အတူယဉ်ကျေးမှုကပွဲကိုလည်းလုပ်ခဲ့ပါတယ်။ တိုင်းရင်းသားအမျိုးသားတရပ်တည်ရှိမှုဆိုတဲ့အဓိပ္ပါယ်ဟာ စာပေယဉ်ကျေးမှုဘာသာစကား ဓလေ့ထုံးစံ နှစ်ကာလရှည်ကြာအခိုင်အမာရှိတဲ့ လူယဉ်ကျေးမှုတရပ် ဖြစ်ပါတယ်။ အမျိုးသားနေ့ကို ကျင်းပရတာဟာ ဒီလို ရိုးရာယဉ်ကျေးမှု စာပေဓလေ့တွေကို ပြန်လည်ဖော်ထုတ်ဖို့ ကြိုးပမ်းကြရတာဖြစ်တယ်လို့ တိုင်းရင်းအမျိုးသားနေ့ ကျင်းပသူတွေကပြောပါတယ်။ ဒီလို ယဉ်ကျေးမှု စာပေတွေ ဖိနှိပ်ခံရတာကြောင့် အမျိုးသားတရပ်တိမ်ကောပျောက်ကွယ်သွားမှာကိုလည်း စိုးရိမ်တယ်လို့ မွန်အမျိုးသားနိုင်ယက္ခက ပြောပါတယ်။

"အမျိုးသားနေ့ရယ်၊ ယဉ်ကျေးမှုရယ်၊ လူမျိုးတမျိုးရဲ့စာပေယဉ်ကျေးမှုရယ်က အရှည်သဖြင့်တည်တံ့နိုင်ဖို့ အထူးသဖြင့် အာဏာပိုင်တွေနဲ့ နိုင်ငံရေးအခြေအနေအပေါ် အများကြီးမူတည်တယ်။ အမျိုးသားနေ့ကိုလုပ်ရင် အဖမ်းခံရမယ်၊ စာပေယဉ်ကျေးမှု မွန်အမျိုးသားအကြောင်းတွေပြောရင် စောင့်ကြည့်နေတဲ့သူတွေရှိတယ်။ အဲလိုမျိုးတွေလုပ်ရင် တချိန်ချိန်မှာ ကျနော်တို့လူမျိုးက ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်တိမ်ကောသွားမှာ ပပျောက်သွားမှာပဲ။"

မွန်အမျိုးသားနေ့နဲ့ ချင်းအမျိုးသားနေ့တွေကို မွန်နဲ့ ချင်းတိုင်းရင်းသားတွေရှိကြတဲ့ အမေရိကန်ပြည်ထောင်စုက ပြည်နယ်တွေနဲ့ ဥရောပတိုင်းပြည်တွေမှာလည်း ကျင်းပခဲ့ကြပါတယ်။

---

**မျက်နှာဖုံးမှ**

"ပြောနိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ တယောက်တည်းလုပ်တာထက် အားလုံး စုပေါင်းဆွေးနွေးပြီးတော့မှဆိုတော့ တယောက်နဲ့တယောက် ချိတ်ဆက်လုပ်တာက ပိုအားရှိစရာကောင်းပါတယ်။ အဲဒါကြောင့်မို့လို့ ကိုယ့်ဒေသကောင်းကျိုးအတွက် အကုန်လုံးစုပေါင်းပြီးတော့ အကြံဉာဏ်လေးတွေ ယူပြီးတော့ လုပ်သွားမယ်ဆိုတဲ့ အားတော့ရှိကြပါတယ်"။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# မြန်မာပြည်ကလာတဲ့စာ

ယုံကြည်ချက် ထိန်းသိမ်းစောင့်ရှောက်သူများ

ဒေါ်အောင်ဆန်းစုကြည် (ဘာသာပြန်သူ - ဇာဝါရီ, မေရီလန်း)

မတ် ၂၊ ၂၀၁၁

ဒေါ်အောင်ဆန်းစုကြည် ဂျပန်သတင်းစာ မိုင်နီချီ (Mainichi Newspaper) ကို ပေးပို့ခဲ့တဲ့ မြန်မာပြည်မှ ပေးစာ ရဲ့ ဒုတိယဆောင်းပါး ဖြစ်ပါတယ်။ မဖတ်ရသေးတဲ့ မိုးမခ စာချစ်သူများအတွက် ဆီလျော်သလို မြန်မာဘာသာ ပြန်ဆိုပေးလိုက်ပါတယ်။ အကြောင်းအမျိုးမျိုး မအားလပ်မှုကြောင့် ချက်ချင်းဘာသာပြန် မလုပ်နိုင်ခဲ့ပါ။

ကမ္ဘာကျော် ပိင်နိုကီရို* ပုံပြင်လေးကို ယနေ့အချိန်အထိ ခလေးတွေ နှစ်သက်နေကြတုန်းပဲလား? ဒီလိုမေးခွန်းတွေ ကျမစိတ်ထဲ ဖြစ်ပေါ်လာတာကို သတိထားမိတာကတော့ ကျမ ပြင်ပကမ္ဘာနဲ့ ဖြစ်ရိုး ဖြစ်စဉ်မဟုတ်ဘဲ အဆက်ပျက်တောက် နေခဲ့ရတဲ့အ ကြောင်းကနေ ဖြစ်ပေါ်လာတဲ့ သိချင်စိတ်ဖြစ်တယ်။ တကယ်လို့ ကျမအနေနဲ့ ကျမမြေးကလေးတွေ ဒါမှမဟုတ် တခြားသူတွေရဲ့ မြေးကလေးတွေနဲ့ အမြဲဆက်သွယ်မှု ရှိနေမယ်ဆိုရင် ဒီမေးခွန်းရဲ့ အဖြေကို ကျမသိနေပါလိမ့်မယ်။

ဒီ ပိင်နိုကီရို ကလေးအကြောင်း ခေါင်းထဲမှာ တဝဲဝဲလယ်လယ် ဖြစ်နေခဲ့ပြီး ရက်ပိုင်းအတွင်းမှာ ကံကောင်းထောက်မစွာနဲ့ ရန်ကုန်မြို့ အမေရိကန်သံရုံးဝန်ထမ်းတွေရဲ့ ခလေးတွေနဲ့ တွေ့ဆုံစကားပြောခွင့်ရခဲ့တယ်။ အကြီးဆုံးက အသက်နှစ်ဆယ် ပတ်ဝန်းကျင်လောက်ဖြစ်ပြီး အငယ်ဆုံးလေးမှာ သုံးလသားရွယ် ဂျပန်-အမေရိကန် ပူးတူတူးသားငယ်လေးဖြစ်တယ်။ သူကလေးရဲ့ အိပ်ပျော်နေတဲ့ စူပုတ်ပုတ် မျက်နှာကလေးဟာ တောင်ကြီးတွေကို တောင် တုန်ခါသွားမယ့် ရွှေ့လျားမှုမျိုး ပြင်ဆင်နေတဲ့ ဂျပန် ဆူမို နပန်းသတ်သမားနဲ့ တူနေတယ်။

သူတို့လေးတွေအထဲ အများစုကတော့ ဝေါလ်ထ် ဒစ္စနီ ရုပ်ရှင်မှတဆင့် ပိင်နိုကီရို ဇာတ်လမ်း ကို သိကျွမ်းရင်းနှီးနေကြတယ်။ အများစုကတော့ ဂျင်မီ ခရစ်ကတ် က ဇာတ်လမ်းရဲ့ အထူးစိတ်ဝင်စားစရာ အကောင်းဆုံးဇာတ်ကောင်လို့ ထင်မြင်ကြတယ်။ သူတို့ ထင်မြင်ချက်က ကျမကို ကျေနပ်ဝမ်းမြောက်စေတယ်။ တကယ်တော့ ပိင်နိုကီရို အကြောင်း ကျမ ရုတ်တရက်အမှတ်ရစေတဲ့ အဓိကအကြောင်းရင်းကတော့ လူဆိုးရုပ်သေးလေး ပိင်နိုကီရိုထက် ဦးထုပ်ရှည်ဆောင်၊ ထီးကောက်ရှည် ကိုင်ဆောင်ထားတဲ့ ပုရစ် ဇာတ်ကောင်းကလေးဂျင်မီ ခရစ်ကတ် ကြောင့်ဖြစ်တယ်။ နှစ်ပေါင်းများစွာကာလအတွင်း နိုင်ငံရေးအရ ပြောင်းလဲခဲ့တဲ့ အတွေးအခေါ်၊ လှုပ်ရှားမှုတွေကို ပြန်ကြည့်လိုက်ရင် ရိုးရိုးရှင်းရှင်းဖော်ပြထားတဲ့ ခလေးတွေရဲ့ ပုံပြင်က လူသားတွေဟာ အသိတရား၊ ယုံကြည်ချက် ကင်းမဲ့နေကြမယ်ဆိုရင် ရုပ်သေးရုပ်တွေမျှ ကြောက်စိတ်တွေ၊ လိုချင်တက်မက်စိတ်တွေ၊ မိုက်မဲမှုတွေနဲ့ သူတို့ ရွေးချယ်လိုက်တဲ့ ရုပ်သေးဆရာ အရှင်သခင်တို့ရဲ့ ကြိုးဆွဲရာ ခြယ်လှယ်ခိုင်းစေခြင်းကို ခံရတော့တယ်။

ဒါကြောင့် စဉ်းစားတွေးခေါ်ဉာဏ်ရှိသူ လူပုဂ္ဂိုလ်များကတော့ သူတို့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်တွေကို အဆုံးရှုံးခံပြီးတော့ လူသားများ ရသင့်ရပိုင်ခွင့်များဖြစ်တဲ့ လွတ်လပ်စွာယုံကြည်ခွင့်၊ ပြောဆိုခွင့်ဆိုတာတွေကို ခုခံကာကွယ် တောင်းဆိုနေကြခြင်းဖြစ်တယ်။ ဒီလို စွန့်လွှတ်လုပ်ဆောင်သူ ပုဂ္ဂိုလ်တွေကို ယုံကြည်ချက်အတွက် အကျဉ်းကျခံနေရသူများလို့ ဂုဏ်ပြုခေါ်ဆိုခြင်းက လျော်ကန်သင့်မြတ် ပါပေတယ်။

သူတို့တတွေရဲ့ နိုင်ငံသူနိုင်ငံသားများ ဂုဏ်သရေရှိရှိ၊ သိက္ခာရှိရှိနေနိုင်ရေးအတွက် သူတို့ ကိုယ်ခန္ဓာတွေကိုကိုယ်စိတ်နှစ်ပါးဒုက္ခ ဆင်းရဲမှုနဲ့ သက်တောင့်သက်သာမရှိ၊ တခါတရံညှဉ်းပန်းနှိပ်စက်ခံ၊နှစ်ပေါင်းများစွာ ချုပ်လှောင်ခံပြီး စွန့်လွှတ်အနစ်နာခံလုပ် ဆောင်နေကြတဲ့ အမျိုးသား၊ အမျိုးသမီးတွေ ဖြစ်ကြတယ်။ မြန်မာနိုင်ငံအကျဉ်းထောင်များစွာထဲမှာ နိုင်ငံရေးသမားနှစ်ထောင်ကျော်အကျဉ်းကျခံနေရပေမယ့် ကမ္ဘာ့မြင်ကွင်းမှာတော့ အကျဉ်းသားအယောက်နှစ်ဆယ် အမည်တွေကိုပဲ သိကြပါတယ်။

လူအများမသိကြတဲ့ ဒီ မထင်မရှား နိုင်ငံရေးအကျဉ်းသားနှစ်ထောင်ကျော်ကတော့ ကျမတို့ရဲ့ အာဂ အမျိုးသား၊ အမျိုးသမီးသူရဲကောင်း၊ အရေးတော်ပုံသမားတွေ ဖြစ်ကြပြီး သူတို့တတွေဟာ ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုကြီး ရှင်သန်ခိုင်မာရေးအတွက် မဆုတ်မနစ် ခံယူချက်တွေနဲ့ ဆက်လက်သယ်ဆောင်နေကြသူများ ဖြစ်ကြတယ်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှာ မြန်မာပြည် အင်္ဂလိပ်ကိုလိုနီလက်အောက်မှ ပြန်လည်လွတ်မြောက်ခဲ့တဲ့ (၆၃) နှစ် မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်ဖြစ်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဲဒီနေ့အခမ်းအနားမှာ ထောင်တွင်းအကျဉ်းကျခံနေကြတဲ့ နိုင်ငံရေးသမားများအား ငွေကြေးပစ္စည်း အထောက်အပံ့ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီလုပ်ကိုင်လိုသူများကို နိုင်ငံရေးအကျဉ်းသမားများ အမည်ပါ ကံစမ်းမဲနှိုက်စေပြီး ကူညီ ထောက်ပံ့သူများရွေးချယ်တဲ့ အစီအစဉ်တခုကို ပြုလုပ်ခဲ့တယ်။

ကျမ မဲပေါက်ရရှိတဲ့ လူငယ်ကလေးတဦးက လူသူမသိ မထင်မရှား အရေးတော်ပုံသမားတယောက် ဖြစ်တယ်။ သူက ၂၀၀၇ ခုနှစ် ရွှေတိဂုံဘုရားမှာ နိုင်ငံရေးအကျဉ်းသမားများ လွတ်မြောက်ရေး မေတ္တာပို့ဆုတောင်း ကြိုးပမ်းလှုပ်ရှားမှုမှာ အဖမ်းခံရသူဖြစ်တယ်။ အဲဒီ မေတ္တာပို့ဆုတောင်း လှုပ်ရှားမှုမှာ အဖမ်းခံရသူ တော်တော်များများဟာ တနိုင်လုံးမှာရှိတဲ့ အကျဉ်ထောင်စခန်းအသီးသီးမှာ တကွဲတပြား ပြန့်ကျဲနေကြပေမယ့် သူ့ကတော့ ကံကောင်းထောက်မစွာနဲ့ သူ့အိမ်နဲ့ မနီးမဝေးအင်းစိန်ထောင်မှ ကျခံနေရတယ်။

သူ့အတွက် ပို့ပေးဖို့ စားစရာများ ပြင်ဆင်လုပ်ကိုင်နေရင် အစားအသောက်ချို့တဲ့ ဒုက္ခဆင်းရဲမှုများစွာနဲ့ ရက်ပေါင်းများစွာအကျဉ်း

ထောင်ထဲ ချုပ်နှောင်ခံနေရတဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ရဲဘော်မိတ်ဆွေများရဲ့အခြေအနေကို အမှတ်ရနေမိတယ်။ ယုံကြည်ချက်နဲ့အကျဉ်းကျခံနေရသူတို့အဖို့ ရိုးရိုးရှင်းရှင်း နည်းလမ်းများစွာဖြင့် အသိတရား၊ ယုံကြည်ချက် ထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် ရပ်တည်လုပ်ဆောင် ကြတယ်။

ကျမ နေအိမ်အကျယ်ချုပ် ကျနေစဉ်ကာလမှာ မနက်စာကို အမြဲတမ်း အနည်းငယ်နောက်ကျပြီး စားတဲ့အကျင့်တခုပြုကျင့်ခဲ့တယ်။ အကြောင်းက ကျမ ဆာလောင်မှု ဖြစ်လာတဲ့အခါမှစားရင်မိမိတို့ ကိုယ်အိမ်ကိုယ်ယာမှာလိုမဟုတ်ဘဲ မိသားစုနဲ့ ခွဲခွါ၊ ဝေးလံခေါင်းပါး ဒေသတွေမှာ အကျဉ်းကျခံနေရတဲ့ ရဲဘော်မိတ်ဆွေများကို မမေ့နိုင် အမှတ်ရလာတယ်။ ကျမ သိပါတယ် - သူတို့အနေနဲ့ ကျမထက်များစွာ ဆာလောင်ကြသည့်အပြင် မစို့မပို့ နံနံရှာရှာ၊ အရသာမရှိတဲ့ အစာအစားတွေကိုလည်း စားသောက်နေကြရတယ်။

ဒီလို လုပ်ဆောင်ခြင်းက ကျမအဖို့ နေစဉ်နဲ့အမျှ လုပ်ဖော်ကိုင်ဖက် ရဲဘော်မိတ်ဆွေများအပေါ် လေးစားချစ်ခင်မှုတွေ ပြန်လည်ဖြစ်စေပြီး အထူးသဖြင့် သူတို့တတွေရဲ့ အံ့မခန်းလုပ်ရပ်က ယုံကြည်ချက်ကို ထိန်းသိမ်းစောင့်ရှောက်သူများရဲ့ မြင့်မြတ်တဲ့စိတ်ဓါတ်နဲ့ သစ္စာစောင့်သိမှုတို့ဖြစ်တယ်။ လွတ်လပ်ရေးပွဲမတိုင်မီ နှစ်ရက်အလိုမှာ ကျမတို့ နိုင်ငံရေးအကျဉ်းသမားများ ပံ့ပိုးကူညီစောင့်ရှောက်ရေး ရန်ပုံငွေ ဈေးရောင်းပွဲတခုလုပ်ခဲ့ကြတယ်။ ရောင်းချတဲ့ပစ္စည်းတော်တော်များများဟာ အကျဉ်းထောင်အတွင်းမှပေးပို့လာတဲ့ ကျမတို့ ရဲဘော်တွေရဲ့ ဖန်တီးလုပ်ကိုင်ထားတဲ့ အနုပညာလက်ရာတွေ ဖြစ်ကြတယ်။

အဲဒီမှာ ရာထောင်ပေါင်းများစွာသော ပုံစံအရွယ်အမျိုးမျိုး ငွေစက္ကူစကလေးတွေကို ပေါင်းစပ်ဖြတ်ညှပ်ကပ်ပြီး ပင်းပင်းပန်းပန်း၊ အသေးစိတ်ဖန်တီးပြုလုပ်ထားတဲ့ စက္ကူရုပ်ပုံကားချပ်များဖြစ်တဲ့ တောက်ပသစ်လွင်နေတဲ့ ရောင်စုံ ငှက်ကလေးများ၊ ကခြေသည်များနဲ့ ပန်းပွင့်ပုံများ ဖြစ်ကြတယ်။

ဒါက စိတ်ဓါတ်ခွန်အား ခိုင်မာမှုရှိရင် အောင်မြင်မှုဆိုတာ အတားအဆီးမရှိဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ကြေညာဖော်ထုတ်လိုက်ခြင်းဖြစ်တယ်။ အမြင်အားဖြင့် ကံခေကြတယ်လို့ ထင်ရတဲ့ သူတို့တတွေဟာ ကျမတို့ရဲ့ ရှေ့ဆောင်လမ်းပြ (ဆရာ၊ ဆရာမ) တွေ၊ ကျေးဇူးရှင်တွေဖြစ်ကြတယ်။ မကြာခဏဆိုသလို ထောင်တွင်းအကျဉ်းကျနေတဲ့ လုပ်ဖော်ကိုင်ဖက်များထံမှ အလွန်လှပကောင်းမွန်တဲ့ လက်ဆောင်တွေကို ကျမလက်ခံ ရရှိလေ့ရှိတယ်။

သစ်သား၊ ဆပ်ပြာ၊ ဖယောင်းတို့နဲ့ ပြုလုပ်ထားတဲ့ တိရစ္ဆာန်ရုပ်ကလေးများ၊ ကလေးကစားစရာ ရုပ်လေးများ၊ စိတ်ပုတီးများ၊ ပလစ်စတစ်စတွေနဲ့ ရက်လုပ်ထားတဲ့ ဈေးဝယ်အိတ်များ၊ လွတ်လပ်ခွင့်၊ တရားမျှတခွင့်၊ ငြိမ်းချမ်းရေး၊ ချစ်ခင်မှု၊ သဟဇာတရှိခြင်း၊ စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှုနဲ့ မျှော်လင့်ချက် စတဲ့စာတန်းစကားလုံးများကို လှလှပပပန်းထိုးထားတဲ့ ပိတ်စတွေအားလုံးကို ယုံကြည်ချက်နဲ့အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသမား အမျိုးသမီးတွေက ဖန်တီးလုပ်ကိုင်ထားကြတယ်။

မပြောင်းမလဲခိုင်မာသော မျှော်လင့်ချက်များ၊ ဆန္ဒရည်မှန်းချက်များကို ကျွမ်းကျင်လိမ္မာစွာ အနုစိတ်ထိုးချယ်ထားတဲ့ ပန်းထိုးချည်ထိုးထည်တခုစီက ကျမတို့ကို မျှော်လင့်ချက်ခွန်အားတွေပေးနေပေမယ့် တကယ်တော့ ကျမတို့တတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေများက သူတို့တတွေထက် အများကြီး သက်တောင့် သက်သာရှိလှပါတယ်။ ဒါကြောင့် တောက်ပသစ်လွင်သော ရောင်စုံဝတ်စုံလေးနဲ့ ပျော် ပျော်ရွှင်ရွှင်တက်တက်ကြွကြွ သဏ္ဍာန်ရှိနေတဲ့ ဂျင်မ်မီ ခရစ်ကတ်က လေးကအသိတရား၊ ယုံကြည်ချက်ကိုယ်စားပြုနေသူများအသွင်လက္ခဏာရှိနေတယ်။

အသိတရား၊ ယုံကြည်ချက် ထိန်းသိမ်းစောင့်ရှောက်သူ ကျမတို့ တတွေဟာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ၊ အားမာန်အပြည့်၊ စိတ်ကူးသစ်ရှိကြသူတွေဖြစ်ကြပြီး ကိုယ်တိုင် သက်တောင့် သက်သာ မရှိတဲ့ ကြမ်းတမ်းတဲ့ဘဝကို ဦးတည်လျှောက်လှမ်းသွားနေကြပေမယ့် အများဘဝပျော်ရွှင်ချမ်းမြေ့နိုင်ရေး၊ ငြိမ်းချမ်းလှပစွာ နေထိုင်ရေးအတွက် ဖန်တီးစွမ်းဆောင်နေကြသူများ ဖြစ်ကြတယ်။

# ပိတ်ဆို့မှုမအောင်မြင်ဟု NDF ပြော

**RFA ၊ ဖေဖော်ဝါရီ ၈ ။** ။ စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးအတွက် အကျိုးဖြစ်ထွန်းတာမျိုးမတွေ့ရဘူးလို့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) က ဖေဖော်ဝါရီ ၇ ရက် မနေ့က ပြောဆိုပါတယ်။

အမျိုးသား ဒီမိုကရေစီ အင်အားစု (NDF) ပဲခူးတိုင်း ဒေသကြီး ပါတီရုံးခွဲ ဖွင့်ပွဲတွင် အောက်တိုဘာ ၇ ရက်နေ့က ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေ မိန့်ခွန်း ပြောကြားခဲ့ပါသေးတယ်။

စစ်အစိုးရဖက်က အမျိုးသားရင်ကြားစေ့ရေးအတွက် ဆောင်ရွက်လာဖို့ပိတ်ဆို့အရေးယူမှုတွေကို အနောက်နိုင်ငံတွေဖက်က ရုပ်သိမ်းဖို့လိုတယ်လို့ NDF ခေါင်းဆောင်ဦးခင်မောင်ဆွေက RFA ကို ပြောပါတယ်။

"နိုင်ငံရေးပြဿနာတွေကို အရင်တုန်းက နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့တာ ကျွန်တော်တို့ သဘောတူခဲ့တာပဲ။ အခုအခါကျတော့ နိုင်ငံရေးပြဿနာတွေကို လွတ်လပ်ရေးရပြီးကတည်းက စစ်ရေးနည်းနဲ့ဖြေရှင်းခဲ့တယ်၊ မအောင်မြင်ခဲ့ပါဘူး။ နိုင်ငံရေးပြဿနာ တွေကို နောက်တခါ နိုင်ငံရေးနည်းနဲ့ဖြေရှင်းမယ်ဆိုပြီး ကျွန်တော်တို့ အပါအဝင်လုပ်ခဲ့တာလည်း မအောင်မြင်သေးပါဘူး။ ဒါကြောင့်မို့ အခုအခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုမှ ရောက်စေချင်တယ်ဆိုလို့ရှိရင်တော့ နိုင်ငံရေးပြဿနာတွေကို စီးပွားရေးနည်းနဲ့ ဖြေရှင်းမှ ရမယ်ဆိုတာကို ကျွန်တော်တို့ယုံကြည်တဲ့အတွက်ကြောင့်မို့လို့ စီးပွားရေး ပိတ်ဆို့မှုတွေကို ပြန်လည်ရုပ်သိမ်းဖို့လိုအပ်ပြီ၊ အထူးသဖြင့် trade ban နဲ့ investment ban တွေကိုတော့ ရုပ်သိမ်းဖို့ လိုတယ်လို့ ကျွန်တော်တို့ ထုတ်ပြန်ကြေညာရခြင်း ဖြစ်ပါတယ်။"

မြန်မာနိုင်ငံအပေါ် ဆယ်စုနှစ် နှစ်စုနီးပါးကြာအောင် စီးပွားရေးအရ ပိတ်ဆို့အရေးယူခဲ့တာ မအောင်မြင်ဘူးလို့ အနောက်နိုင်ငံတွေဖက်ဝန်ခံပြောဆိုထားတယ်လို့လည်း NDFရဲ့ကြေညာချက်မှာထောက်ပြထားပါတယ်။ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုကြောင့် မြန်မာနိုင်ငံ အနေနဲ့အခွင့်အလမ်းတွေ လက်လွတ်ဆုံးရှုံးနေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစကို ဟန့်တားရာရောက်နေတယ်လို့ NDF ကသဘောထား ထုတ်ပြန်ထားပါတယ်။

# ပိတ်ဆို့အရေးယူမှုဆိုင်ရာ အဖွဲ့ချုပ်သဘောထား ၈၈ ကျောင်းသားများထောက်ခံ

**RFA ၊ ဖေဖော်ဝါရီ ၉ ။** ။ မြန်မာစစ်အစိုးရ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ပြည်ပနိုင်ငံတွေက စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့ အရေးယူထားတာတွေနဲ့ ပတ်သက်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဖေဖော်ဝါရီ ၈ ရက် မနေ့က ထုတ်ပြန်ခဲ့တဲ့ သဘောထားကိုပြည်တွင်းမှာ လျှို့ဝှက်လှုပ်ရှားနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ထောက်ခံလိုက်ပါတယ်။

တော်လှန်ရေးနေ့ အခမ်းအနားတခုတွင် စစ်ရေးပြနေသော စစ်ကြောင်းချီတပ်ဖွဲ့တခုဖြစ်ပါသည်။ စစ်အစိုးရသည် တိုင်းပြည်ဘဏ္ဍာငွေ အမြောက်အမြားကို စစ်တပ်နှင့် ကာကွယ်ရေးအတွက် ပုံအော သုံးစွဲနေပြီး ပညာရေး၊ ကျန်းမာရေး စသော အခြားကဏ္ဍများတွင် မစို့မပို့ခွဲဝေလျာထားသောကြောင့် ပြည်သူလူထု ဆင်းရဲမွဲတေနေရကြောင်း ဝေဖန်ကြသည်။

၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ရဲ့ ထောက်ခံမှုနဲ့ ပတ်သက်လို့ အဖွဲ့ရဲ့ ပြောရေးဆိုခွင့် ရှိသူတဦးဖြစ်တဲ့ ကိုစိုးထွန်းက RFA ကို အခုလိုပြောပါတယ်။

"နိုင်ငံရေး အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့် ကြေညာပြီးတော့ အားလုံးချွင်းချက်မရှိ လွှတ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ရာလည်း ရောက်တယ်၊ ပြီးတော့ ကျွန်တော်တို့ စီးပွားရေးပိတ်ဆို့မှုတွေကိုလည်း ဒါက တစတစ ပြန်ဖြေလျှော့ဖို့ အတွက်ကို ဒါ ကောင်းမွန်တဲ့ ခြေလှမ်းတရပ်ဖြစ်တယ်လို့ ကျွန်တော်တို့ အလေးအနက်ထားပြီး ပြောချင်ပါတယ်။ အဲဒါကြောင့်လည်း ဒါ ကျွန်တော်တို့ ဒီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပြန်တဲ့ကြေညာချက်ကို ကျွန်တော်တို့ အနေနဲ့လက်ခံပါတယ်၊ ထောက်ခံပါတယ်လို့ ပြောချင်ပါတယ်။"

စစ်အစိုးရဟာ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေ စီမံခန့်ခွဲသုံးစွဲမှုမှာ ကာကွယ်ရေးစရိတ်ကို အလွန်အမင်း သုံးနေပြီး၊ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို ၂ ရာခိုင်နှုန်းလောက်ပဲ သုံးနေတဲ့အတွက်လည်း တိုင်းပြည်ချွတ်ခြုံကျရတာလို့ ကိုစိုးထွန်းက ထောက်ပြပါတယ်။

ဒါကြောင့် စီးပွားရေး ပိတ်ဆို့အရေးယူမှု ဖယ်ရှားနိုင်ရေးအတွက် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးဖို့နဲ့ တရားမျှတကောင်းမွန်တဲ့ စီမံခန့်ခွဲမှု လိုအပ်တယ်လို့ဆိုပါတယ်။ စစ်အစိုးရအနေနဲ့ အဲဒီလို ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်မယ်ဆိုရင် စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေ ဖယ်ရှားရေးအတွက်လည်း လွယ်ကူသွားလိမ့်မယ်လို့ ကိုစိုးထွန်းက ပြောပါတယ်။

အမေရိကန်အစိုးရကလည်း မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ အပြောင်းအလဲတွေ ဖြစ်လာဖို့ စစ်ခေါင်းဆောင်တွေအပေါ် ဖိအားပေးတဲ့အနေနဲ့ ဒဏ်ခတ်အရေးယူမှုကို အမေရိကန်နိုင်ငံက ဆက်လက်ထားရှိမှာ ဖြစ်တယ်လို့ ပြီးခဲ့တဲ့ ရက်က ပြောထားပါတယ်။

တဆက်တည်းမှာလည်း မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အီးယူ ဥရောပနိုင်ငံတွေက ချမှတ်ထားတဲ့ ပိတ်ဆို့ပြစ်ဒဏ်ခတ်မှုကြောင့် တိုက်ရိုက်အထိခိုက်ဆုံး စီးပွားရေးကဏ္ဍဟာ အထည်ချုပ်လုပ်ငန်းဖြစ်ပြီး၊ ၈၀ ရာနှုန်း ထိခိုက်တယ်လို့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောပါတယ်။

စီးပွားရေးပိတ်ဆို့မှု မတိုင်ခင်က မြန်မာနိုင်ငံကနေ အမေရိကန်ကို ဒေါ်လာသန်း ၄၀၀ ဖိုး အဝတ်အထည်တွေ တင်ပို့နေခဲ့ရတဲ့ အတွက် စီးပွားရေးပိတ်ဆို့မှုကြောင့် သန်း ၄၀၀ ဈေးကွက် ပျောက်သွားခဲ့ရတယ်လို့ သူက ပြောပါတယ်။

---

# ဝန်ကြီးဌာနများ ပြောင်းလဲရန် သိပ်မမြင်

**DVB ၊ ဖေဖော်ဝါရီ ၉ ။** ။ ကျင်းပနေဆဲလွှတ်တော်ကနေ မနေ့က ဝန်ကြီးဌာနအမည်စာရင်းတွေ ထုတ်ပြန်ခဲ့ပြီး ဒီနေ့မှာတော့ ဝန်ကြီးနာမည်စာရင်းတွေ ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် ဘယ်ဝန်ကြီးတွေက ဘယ်ဝန်ကြီးဌာနတွေကို တာဝန်ယူမယ်ဆိုတာတော့ ရှင်းရှင်းလင်းလင်းဖော်ပြတာမျိုးမရှိသေးပါ။

စီးပွားရေးကဏ္ဍတွေနဲ့ဆိုင်တဲ့ စီးပွားကူးသန်းဝန်ကြီးဌာနနဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးနဲ့အခွန်ဝန် ကြီးဌာနတွေမှာတော့ အရင်ဝန်ကြီးတွေပဲ ပြန်ပါနေတာတွေ့ရပါတယ်။ စီးပွားကူးသန်းဝန်ကြီးဌာနကိုင်ခဲ့တဲ့ ဦးတင်နိုင်သိန်း၊ ဘဏ္ဍာအခွန်ဝန်ကြီး ဦးလှထွန်းတို့နာမည်စာရင်း ပြန်ပါလာတာတွေ့ရပြီး စီမံကိန်းဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာပြန်ပါမလာတာ တွေ့ရပါတယ်၊ လုပ်ငန်းရှင်ကြီးတွေဖြစ်တဲ့ ဦးဝင်းမြင့်၊ ဦးတင့်ဆန်းတို့လည်း ဝန်ကြီး လျာထားစာရင်းမှာ ပါလာပါတယ်၊

လောလောဆယ်ထွက်ပေါ်လာတဲ့ ဝန်ကြီးဌာနတွေနဲ့ ဝန်ကြီးနာမည်လျာ ထားစာရင်းတွေအရ စီးပွားရေးကဏ္ဍမှာ တာဝန်ယူကြမယ့် ဝန်ကြီးတွေက အပြောင်းအလဲကြီးကြီးမားမားဖြစ်လာနိုင်စရာ မရှိဘူးလို့ဘဲလုပ်ငန်းရှင်တဦးက သုံးသပ်ပါတယ်။ ခုလို စီးပွားရေးပိုင်းတာဝန်ယူကြမယ့် ဝန်ကြီးတွေ အစိုးရအဖွဲ့သစ်မှာ သိပ်အပြောင်းအလဲ မရှိနိုင်တဲ့အပေါ် ရန်ကုန်က စီးပွားရေးစာစောင် အယ်ဒီတာတဦးက ခုလိုမှတ်ချက်ပေးပါတယ်။ လောလောဆယ် သူတို့လုပ်ကိုင်နေတဲ့ပုံစံအရဆိုရင် သိပ်ပြီးတော့ ထူးခြားလာမယ်လို့ မထင်ဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ သူတို့ ခုချိန်ထိကို နောက်အစိုးရတက်တယ်။

လွှတ်တော်ဖွဲ့တယ်။ လွှတ်တော်ခေါ်တယ်ဆိုတဲ့ အချိန်ထိကိုပွင့်လင်းမြင်သာတဲ့ပုံစံမဟုတ်ဘဲနဲ့ အကုန်လုံးကို လျှို့လျှို့ဝှက်ဝှက်လုပ်ကိုင်နေတဲ့ပုံစံကိုက အားရစရာ မကောင်းဘူးပေါ့ဗျာ။ လွှတ်တော်ခေါ်တာကလည်း ဘာမှပွင့်လင်းမှု မရှိဘူး။ သတင်းစာဆရာတွေကို တက်ခွင့်မပေးဘူး။ သတင်းယူခွင့်မပေးဘူး။ သူတို့ ထုတ်ပြန်တဲ့သတင်းကိုပဲ ကျနော်တို့က ပြန်ရေးပြီး သူတို့ထုတ်ပြန်သလောက်ပဲ သိနေရတယ်ဆိုတဲ့ အခြေအနေမျိုးအောက်မှာတော့ ဒီထက်ပွင့်လင်းတဲ့။

ဒီထက်ပို ကောင်းမွန်တဲ့ ဈေးကွက်စီးပွားရေးစနစ်မျိုး၊ နိုင်ငံရေးစနစ်မျိုး ဖြစ်လာနိုင်မယ်ဆိုတာကတော့ မျှော်လင့်လို့ မရနိုင်သေးဘူးဖြစ်နေတယ်။ ဝန်ကြီးဌာနပေါင်း ၃၄ ခုကို မနေ့က ကြေညာခဲ့ပြီး တာဝန်ယူကြမယ့် ဝန်ကြီး ၃၀ ရဲ့ နာမည်စာရင်းကို ဒီနေ့ထုတ်ပြန်ခဲ့ပြီး လာမယ့်သောကြာနေ့မှာ ဝန်ကြီးဌာနနဲ့တာဝန်ယူမယ့် ဝန်ကြီးနာမည်တွေကို ကြေညာမယ်လို့သိရပါတယ်။



**ဖေဖေါ်ဝါရီ ၈ | RFA ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်အနှံ့မှ လူငယ်များ တွေ့ဆုံပွဲကို ဒီကနေ့ စတင်ပြုလုပ်ရာ လူငယ်ကွန်ရက်ကိစ္စ၊ လူမှုကူညီထောက်ပံ့ရေးကိစ္စတွေ တရားဥပဒေ စိုးမိုးရေးဆိုင်ရာကိစ္စတွေ ဒီမိုကရေစီထွန်းကားရေးဆိုင်ရာကိစ္စတွေကို ဆွေးနွေးခဲ့ကြသည်ဟုဆို၏။

**ဖေဖေါ်ဝါရီ ၁၀ | DVB ။ ။** တိုင်းနဲ့ပြည်နယ် ၈ ခုက လူငယ်တွေ ယနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခဲ့သည်။ ဒီတွေ့ဆုံမှုဟာ ဒုတိယ မြောက်နေ့တွေ့ဆုံမှုဖြစ်ပြီး ယမန်နေ့ကတော့ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း စတဲ့ ပြည်နယ်နှင့် တိုင်းအတွင်းက လူငယ် ၂၀၀ ကျော်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

**ဖေဖေါ်ဝါရီ ၁၁ | DVB ။ ။** အစိုးရအဖွဲ့သစ်တွင်ပါဝင်မည့် ဝန်ကြီးဌာန ၃၄ ခုအတွက် သမ္မတဦးသိန်းစိန် အဆိုပြုတင်သွင်းထားသည့် ဝန်ကြီး ၃၀ ၏ အမည်စာရင်းတွေကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှ ကန့်ကွက်သူမရှိ အတည်ပြုပေးလိုက်ကြောင်း။

**ဖေဖေါ်ဝါရီ ၁၀ | Kachin News Gp ။ ။** ကချင်တိုင်းရင်းများသည် ဣန္ဒာအနှံ့ ပိုင်းဝန်းဆုတောင်းပွဲတွင် ကချင်ပြည်နယ် မေခ မေလိခ မြစ်ဆုံများတွင် တရုတ်နှင့်နအဖတို့မှ တည်နေသောဆည်ကြီးများသည် တိုင်းရင်းပြည်သူများအကျိုးမထိခိုက်စေရန် ဆုတောင်းကြ၏။

**ဖေဖေါ်ဝါရီ ၁၂ | RFA ။ ။** မြန်မာစစ်အစိုးရသည် တပ်တွေအတွက် ရိက္ခာသယ်ယူရာတွင် ခိုင်းစေသောအရပ်သားများသေဆုံးမှုကို အာဏာပိုင်များက လစ်လျူရှုနေကြောင်း။

**ဖေဖေါ်ဝါရီ ၁၂ | RFA ။ ။** ၂၀၁၀ ရွေးကောက်ပွဲတွင်ယှဉ်ခဲ့သည့် အတိုက်အခံ ၁၁ ပါတီသည် ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ကျင်းပ၍ ပင်လုံစိတ်ဓာတ်ညီညွတ်ရေး ကြေညာ၏။

**ဖေဖေါ်ဝါရီ ၁၂ | RFA ။ ။** မြန်မာတွင် တိုင်းရင်းသားအားလုံး ဥပဒေပါအခွင့်အရေးများအတိုင်း ညီတူညီမျှခံစားခွင့်ရရှိရန် နိုင်ငံရေးတွင် တိုင်းရင်းသားအားလုံးပါဝင်ရန် အထူးလိုကြောင်း ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဖေဖေါ်ဝါရီ ၁၂ | RFA ။ ။** ပြည်ထောင်စုနေ့အခမ်းအနားတရပ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်း ပါတီဌာနချုပ်တွင် ယမန်နေ့ကကျင်းပ၏။

**ဖေဖေါ်ဝါရီ ၁၃ | Mizzima ။ ။** အဲန်အဲလ်ဒီနှင့်အဆက်အစပ်ရှိသော တာမွေရှိ ဗေဒါကျောင်းအား အာဏာပိုင်များမှပိတ်ခိုင်းကြောင်း။

**ဖေဖေါ်ဝါရီ ၁၂ | WTN AFP ။ ။** နအဖ သည် ထုံးစံအတိုင်း ဒေါ်အောင်ဆန်းစုကြည်အား ခြောက်လှန့်ခြင်းများ နည်းညစ်များ ပြန်လည်သုံးလာနေကြောင်း အမေရိကန်မှပြစ်တင်ဝေဖန်၏။

**ဖေဖေါ်ဝါရီ ၁၂ | DVB ။ ။** မြန်မာပြည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်ဖို့ နိုင်ငံရေးအရအဓိပ္ပာယ်ပြည့်ဝသည့်တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်လာဖို့လိုသလို၊ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထပ်မံ တောင်းဆိုလိုက်သည်။

**ဖေဖေါ်ဝါရီ ၁၃ | Mizzima ။ ။** တရားဥပဒေစိုးမိုးရေးသည်အရေးကြီးကြောင်း ဒေါ်အောင်ဆန်းစုကြည်မှထပ်မံ၍ ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင်ဆို၏။

**ဖေဖေါ်ဝါရီ ၁၃ | Rtrs/AP/news wires ။ ။** မြန်မာအပေါ် ပိတ်ဆို့မှုဆက်လက်ပြုလုပ်ရန်မှုကိုကျင့်သုံးပါက ဒေါ်အောင်ဆန်းစုကြည်နှင့်အဲန်အဲလ်ဒီတို့သည် နိဂုံးချုပ်ရလိမ့်မည်ဟု နအဖ သတင်းစာများမှတဆင့် ယနေ့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင်ဆို၏။

**ဖေဖေါ်ဝါရီ ၁၃ | RFA ။ ။** ရနောင်းမှဖူးခက်သို့အသွား အလုပ်ရှာမြန်မာလုပ်သား ၂၄ ဦး ထိုင်းစစ်တပ်မှဖမ်းခဲ့၏။

**ဖေဖေါ်ဝါရီ ၁၄ | RFA ။ ။** ချင်းပြည်နယ်လွှတ်တော်တွင် ပြည်နယ်ဝန်ကြီးချုပ်ပူးဟုန်ပိုင်းမှတင်သွင်းသည့် ဝန်ကြီးအမည်စာရင်းမှ ကြံ့ဖွံ့အမတ်တဦးအား ချင်းတိုင်းရင်းသားအတိုက်အခံအမတ်များမှ ပြင်းထန်စွာကန့်ကွက်ကြောင်း။

**ဖေဖေါ်ဝါရီ ၁၄ | NY ။ ။** အီဂျစ်တွင်ဖြစ်နေသည့် ဒီမိုကရေစီရရေး လူထုအုံကြွမှုနှင့် မြန်မာလှုပ်ရှားမှုနှိုင်းယှဉ်ဆွေးနွေးပွဲ နျူးယောက်တက္ကသိုလ်တခုတွင် ကျင်းပ၏။

**ဖေဖေါ်ဝါရီ ၁၄ | RFA ။ ။** လွှတ်တော်တွင် ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့ရန် သမတဦးသန်းစိန်မှအဆိုတင်သွင်း၏။

**ဖေဖေါ်ဝါရီ ၁၄ | RFA ။ ။** မြဝတီ–ကော့ကရိတ်ကားလမ်းသွား နအဖ သယ်ယူပို့ဆောင်ယာဥ်များအား တိုက်ခိုက်မည်ဖြစ်ကြောင်း ဒီကေဘီအေမှ ပြည်သူသို့သတိပေး၏။

**ဖေဖေါ်ဝါရီ ၁၄ | VOA ။ ။** မြန်မာတွင် ပုံနှိပ်ထုတ်ဝေသူ ဩစတေးလျလူမျိုးကို ဖမ်းဆီးသည်အထိပြုမူခြင်းကိုသုံးသပ်၍ နအဖ သည် ပုံနှိပ်သတင်းလောကကို ဆက်ထက်တပိုးချုပ်ချယ်မည်ဟု စိုးရိမ်နေကြကြောင်း။

# တွေ့ဆုံဆွေးနွေးရေး စားပွဲတက်လာဖို့ အဖွဲ့ချုပ်ထပ်မံတောင်းဆို

**DVB ၊ ဖေဖော်ဝါရီ ၁၂။** ။မြန်မာပြည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်ဖို့ နိုင်ငံရေး အဓိပ္ပာယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်လာဖို့ လိုသလို၊ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထပ်မံ တောင်းဆိုလိုက်ပါတယ်။

ပရိသတ် ၁၅၀၀ ကျော်တက်ရောက်တဲ့ ရန်ကုန်မြို့၊ ရွှေဂုံတိုင်မှာရှိတဲ့ အဖွဲ့ချုပ်ရုံးမှာ ဖဲ၄ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပြီး အဖွဲ့ချုပ်က ထပ်မံတောင်းဆိုလိုက်တာပါ။ အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ခုလိုပြောပြပါတယ်။

“နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသား အားလုံးသွေးစည်းညီညွတ်ရေး၊ ပင်လုံစိတ်ဓာတ်ရှင်သန် ထက်မြက်ရေး အတွက် အခြေခံကောင်းလိုအပ်တယ်။ အဲဒီအခြေခံကောင်းရရှိဖို့အတွက် အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံရေး အဓိပ္ပာယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးခြင်းမျိုးကို အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များ အမြန်ဆုံးကျင်းပပါ။ ယုံကြည်ချက်ကြောင့် အကျဉ်းထောင်ချခံနေရတဲ့ ဆရာတော်၊ သံဃာတော်များ၊ တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးပြန်လွှတ်ပေးပါ။ ဒီတောင်းဆိုချက်ကိုပြည်ထောင်စုနေ့ထူးနေ့မြတ်ကြီးမှာသက်ဆိုင်ရာ အာဏာပိုင်တို့အနေနဲ့ဆောင်ရွက်ပေးပါလို့ တောင်းဆိုတဲ့အကြောင်း ဖော်ပြထားပါတယ်။ ဒါကတော့ ကြေညာချက်ပါ။”

အဖွဲ့ချုပ်ရုံးမှာကျင်းပတဲ့ ဖဲ၄ နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားမှာ အဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ရွှေ ကိုယ်တိုင်တက်ရောက်လာသလို၊ ဝါရင့်နိုင်ငံရေးသမားတွေ၊ ပြည်ထောင်တိုင်းရင်းသားခေါင်းဆောင်တချို့နဲ့သံတမန်တွေလည်းတက်ရောက်တယ်လို့သိရပါတယ်။ သဘာပတိအဖြစ်ဒုဥက္ကဋ္ဌဦးတင်ဦးကဆောင်ရွက်ပြီး အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားအားလုံးတန်းတူရည်တူ ပြည်ထောင်စုတည်ဆောက်ရေးမှာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကို သတ္တိရှိရှိလုပ်သွားကြဖို့တိုက်တွန်းသွားပါတယ်။ တနည်းအားဖြင့် အဲဒါက ဒုတိယ ၂၁ ရာစု ပင်လုံညီလာခံမှာ ထားရှိရမယ့် စိတ်ဓာတ်ကို ဖော်ညွှန်းသွားတာပဲလို့ ဦးအုန်းကြိုင်က ဒီဗွီဘီကို ပြောပါတယ်။

အလားတူ စစ်ကိုင်းတိုင်းနဲ့မန္တလေးတိုင်း ပူးပေါင်းပြီးတော့ စစ်ကိုင်းမြို့မှာ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသလို မြင်းခြံအဖွဲ့ချုပ်ကလည်း ပြည်ထောင်စုနေ့အခမ်းအနားတခုကို ကျင်းပနိုင်တယ်လို့သိရပါတယ်။ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း ပြည်ထောင်စုမပြိုကွဲဖို့အတွက် ဒို့တာဝန် အရေးသုံးပါးကို အသက်ပေးကာကွယ်ဖို့၊ မြန်မာပြည်မှာ အခုစတင်ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်ဟာ အလွန်နုနယ်သေးတဲ့အတွက် အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့က ပိုင်းဝန်းကာကွယ်ဖို့ လိုအပ်တယ်ဆိုပြီး ဖဲ၄ နှစ်မြောက် ပြည်ထောင်စု နေ့သဝဏ်လွှာမှာ တိုက်တွန်းထားတာ တွေ့ရပါတယ်။

# ပိတ်ဆို့မှု မရုပ်သိမ်းရန် အဖွဲ့ချုပ်ပြော

**DVB ၊ ဖေဖော်ဝါရီ ၇ ။** ။မြန်မာစစ်အစိုးရအပေါ်ပြုလုပ်ထားတဲ့ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကို မရုပ်သေးသင့်သေးတဲ့သဘောမျိုး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

“ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေဟာ စစ်အစိုးရနဲ့ နီးစပ်ရာ စီးပွားရေးသမားတွေအပေါ်မှာသာ ထိခိုက်နေတယ်။ ပြည်သူလူထုအများစုအပေါ် ထိခိုက်မှုမရှိဘူးလို့” အန်အယ်လ်ဒီ ဒုဥက္ကဋ္ဌဦးတင်ဦးရဲ့ပြောကြားချက်ကို ကိုးကားပြီး အဲဒီသတင်းမှာ ဖော်ပြထားပါတယ်။ စီးပွားရေးပိတ်ဆို့မှုတွေရဲ့အကျိုးသက်ရောက်မှုတွေကို စီးပွားရေးပညာရှင်တွေက လေ့လာစိစစ်ထားတဲ့ သုံးသပ်ချက်စာတမ်းတခုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ မနက်ဖြန်မှာ ထုတ်ပြန်ဖို့ရှိတယ်လို့ သိရပေမယ့် အသေးစိတ်ကို မသိရသေးပါ။

အမေရိကန်ပြည်ထောင်စုကတော့ လူ့အခွင့်အရေးအခြေအနေတိုးတက်လာဖို့ စစ်အစိုးရဘက်က ရှေ့တိုးဆောင်ရွက်ဖို့လိုနေပြီး လောလောဆယ်မှာ အရေးယူပိတ်ဆို့မှုတွေ ပယ်ဖျက်ပေးဖို့ စောသေးတယ်လို့ ပြီးခဲ့တဲ့ရက်ပိုင်းက ပြောဆိုပါတယ်။

# လူငယ် ၃၀၀ ကျော်နဲ့ဒေါ်စုတွေ့ဆုံ

**RFA ၊ ဖေဖော်ဝါရီ ၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာပြည်အနှံ့က လူငယ်တွေ တွေ့ဆုံပွဲ ဖေဖော်ဝါရီ ၈ ရက် ဒီကနေ့စတင်ပြုလုပ်ရာမှာ လူငယ်ကွန်ရက်ကိစ္စ၊ လူမှုကူညီထောက်ပံ့ရေးကိစ္စတွေ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စတွေ၊ ဒီမိုကရေစီထွန်းကားရေး ဆိုင်ရာကိစ္စတွေကို ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

‘ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ…’ ဟူသော စာတမ်းပါ တီရှပ်ဆင်တူ ဝတ်ဆင်၍ နိုဝင်ဘာ ၁၂ ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်လာမည်ဟု လူငယ်အများစုဟာ မျှော်လင့်စောင့်စားခဲ့ကြတာပါ၊

ဒီကနေ့ဆွေးနွေးပွဲမှာ တိုင်းနဲ့ပြည်နယ် အသီးသီးမှ တက်ရောက်တဲ့ လူငယ်တွေက ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေး၊ လူမှုရေးနဲ့ပတ်သက်တဲ့မေးခွန်းတွေ မေးမြန်းတာ၊ သူတို့အမြင် အယူအဆတွေကို တင်ပြဆွေးနွေးတာတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒီကနေ့ လာရောက်တဲ့ လူငယ်တွေဟာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တွေက ဖြစ်တယ်လို့ သိရပါတယ်။

ဒီကနေ့တိုင်းနဲ့ ပြည်နယ် ၅ ခုက အခြေအနေတွေကို အဓိကဆွေးနွေးခဲ့ပြီး မနက်ဖြန်မှာ ကျန်ရှိနေတဲ့ တိုင်းနဲ့ ပြည်နယ်က လူငယ်တွေကတင်ပြဆွေးနွေးကြဦးမယ်လို့သိရပါတယ်။ ဒီကနေ့တက်ရောက်တဲ့ လူငယ် စုစုပေါင်း ၃၀၀ လောက်ရှိပြီး အားလုံးဟာ အန်အယ်ဒီ အဖွဲ့ဝင် မဟုတ်ပဲ တိုင်းပြည်ရေး၊ လူမှုရေးကို စိတ်ဝင်စားတဲ့လူငယ်တွေ ဖြစ်တယ်လို့ သိရပါတယ်။

ဒီတွေ့ဆုံပွဲကို ၂ ရက်ကြာ ပြုလုပ်မှာ ဖြစ်ပြီး ပထမနေ့အဖြစ် ဒီကနေ့ မနက် ၉ နာရီ ခွဲလောက်ကစတင်ကာ နေ့လည် ၂ နာရီကျော်လောက်မှာ ပြီးဆုံးခဲ့ပါတယ်။

# ရှမ်းနှင့်ချင်းက ဝန်ကြီးချုပ်သစ်များအပေါ် တိုင်းရင်းသားပါတီများ၏ ဝေဖန်ချက်

**DVB ၊ ဖေဖော်ဝါရီ ၁၀ ။** ။ ဒီကနေ့ ပြန်လည်ကျင်းပတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးကနေ ပြည်နယ်ဝန်ကြီးချုပ်သစ်တွေကို အသီးသီးရွေးချယ်တင်မြှောက်ရာမှာ ကြံ့ခိုင်ရေးပါတီမှ စစ်တပ်အရာရှိဟောင်း အများစုဖြစ်နေတယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြောပါတယ်။

အဲဒီအထဲမှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်သစ်အဖြစ် ပင်းတယမြို့နယ်မှာ ဝင်ပြိုင်တဲ့ ဦးအောင်မြတ်၊ ရခိုင်ပြည်နယ်အတွက် အမ်းမြို့နယ်က ဦးလှမောင်တင်နဲ့ ချင်းပြည်နယ်အတွက် မင်းတပ်မြို့နယ်မှဦးဟုန်ငိုင်းတို့ဖြစ်တယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ်အတွက် အငြိမ်းစားဗိုလ်မှူးကြီးဦးအောင်မြတ်ကို ရွေးချယ်တင် မြှောက်လိုက်တဲ့အပေါ် ရှမ်းပြည်နယ်လူထုအတွက် ဆောင်ရွက်နိုင်မယ်လို့ ထင်သလားဆိုတဲ့အမေးကိုတော့ ရှမ်းတိုင်းရင်းများဒီမိုကရက်တစ်ပါတီဥက္ကဌ စိုင်းအိုက်ပေါင်းက အခုလို သုံးသပ်ပြောဆိုပါတယ်။

"စပ်အောင်မြတ်က ကြည့်ရတာရိုးသားပါတယ်။ သူကလည်း ရှမ်းခနေ ပဲလေ။ သူ့အဖေက အရင်တုန်းက ဒေသကော်မတီဝင်ပဲ။ စပ်ညွှန့်အောင်ရဲ့ သားပါ။ နိုင်ငံရေးအစဉ်အလာ ရှိခဲ့ဖူးတာပေါ့နော်။ အခုမှ သမ္မတခန့်အပ်တယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း သဘောတူထောက်ခံတယ်။ ခုမှ စတယ်ဆိုတော့ လူထုအတွက် ဘာတွေလုပ်ပေးနိုင်မယ်တာပြောလို့မရသေး ပါဘူး။ အန်ကယ်တို့လည်း သူကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ပြည်နယ်အကျိုးကို ဆောင်ရွက်သွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။"

ဟားခါးမှာကျင်းပတဲ့ ပြည်နယ်လွှတ်တော် အကြောင်းပြောရမယ်ဆိုရင်တော့ ပြည်နယ် ဝန်ကြီးချုပ်ကို မဲအရ ကန့်ကွက်လို့ မနိုင်လို့ လက်ခံလိုက်ရပေမယ့် ဝန်ကြီးဌာန ၆ ခုအစား သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနတခုတိုးပေးဖို့ သူတင်ပြတဲ့အတွက်လွှတ်တော်အတွင်းမှာ အတော်လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်လို့ ချင်းအမျိုးသားပါတီဥက္ကဌ ပူဇီဇမ်ကပြောပါတယ်။ဒါ့အပြင် အခုအခင်း အကျင်းဟာ ကြံ့ခိုင်ရေးနဲ့တပ်မတော်က မဲအများစုနဲ့ အနိုင်ကျင့်သလိုဖြစ်နေတဲ့ အတွက် တဖက်သတ်ဘောလုံးပွဲလိုဖြစ်နေတယ်၊ အနိုင်ရနေတယ်ဆိုပြီး ဂိုးတွေ ဖွတ်မသွင်းဘဲနဲ့ပွဲကြည့်ပရိသတ်ကိုလေးစားဖို့လိုတယ်လို့ ပူဇီဇမ်က အခုလို ထောက် ပြပါတယ်။

"အရင်တုန်းက ဗိုလ်မှူးချုပ်၊ အခုတော့ ဦးပေါ့ဗျာ။ သူ့ကိုပဲ ကျနော်တို့ က ထောက်ခံလိုက်ရပါတယ်။ ဒါကတော့ သူတို့က အနိုင်ရတဲ့ပါတီ၊ ကျနော် တို့ကတော့ မရှုံးပေမယ့် မနိုင့်တနိုင်တွေပေါ့။ ဆိုတော့ သူတို့ သဘောထားကြီး နိုင်ရင်တော့ ကျနော့်ကို နည်းနည်းပါးပါးမျှပေးမှာပေါ့ဗျာ။ အခုက သူတို့နိုင် တဲ့အခါကျတော့ ကျနော့်ကို အပြီးပြတ်နိုင်ချင်သလားလို့တောင်ကျနော် သံသယဝင်လာပြီ။ တကယ်တမ်းတော့ သူတို့က နည်းနည်းသဘောထားကြီးကြီး နဲ့အထူးသဖြင့် ပြည်နယ်တွေမှာဆိုရင် ကျနော်တို့ ပြည်နယ်ပါတီတွေကဒီ အတိုင်း ငုတ်တုတ်ထိုင်နေလို့ ဘာမှအကျိုးရှိမှာမဟုတ်ဘူးလေ။ တကယ်တော့ မျှမျှတတနဲ့ကျနော်တို့ power sharing လုပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ ဗျာ။"

"ဒါက ပြည်သူ့အတွက် ကောင်းတာပြောတာပါ။ ကျနော့်မှာလည်း လွှတ်တော်အထိ ရောက်တယ်ဆိုတာ ပြည်သူတွေတင်လို့သာ ကျနော်တို့ ရောက်တာ။ ဆိုတော့ လွှတ်တော်ထဲတော့ရောက်ပါရဲ့၊ ပြည်သူကို အလုပ် အကြွေး မပြုနိုင်ဘူးဆိုရင် ကျနော်က အလကားပဲလေ။ အဲဒါ ကျနော်တအား အားနာတာ ပြည်သူတွေကိုလေ။ ပြည်သူ့မျက်နှာထောက်ပြီးတော့ ကျနော် တို့မေးမှိန်နေရတယ်။ ကျနော့်ကို ညှာညှာတာတာနဲ့ ကစားပေးဖို့လိုလိမ့် မယ်။ နို့မို့ရင် ဒီပွဲက နောက်ထပ် ကစားဖို့ဆိုတာ သိပ်ပြီးတော့ အာရုံထဲမှာ ရှိတော့မှာမဟုတ်ဘူး။ ဥပမာဗျာ ကိုယ်ကနိုင်တယ်ဆိုပြီးတော့ အနိုင်ဂိုး တွေ ၁၅ ဂိုးလောက်သွင်းရင် ဘယ်ဟုတ်မလဲ မဟုတ်ဘူးလားဗျာ။ ဆိုတော့ တဖက်သားအတွက်လည်း ကိုယ်ကစဉ်းစားပေးရမှာပေါ့။ တဖက်သားဆိုတာက လည်း သူ့ပရိသတ်နဲ့သူ ရှိတယ်ဗျ။ အဓိကက ပရိသတ်တွေကို ကျနော်တို့က ဦးစားပေးရမှာ၊ ပြည်သူကို ဦးစားပေးရမှာ။"

ဒီကနေ့ ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်နယ်ဝန်ကြီးချုပ်သစ်ကိုရွေးချယ်တာ၊ ပြည်နယ်ဝန်ကြီးဌာန ၆ ခုကို ကြေညာတာ၊ ပြည်နယ် လွှတ်တော် တရားသူကြီး ၃ ဦးစာရင်းကို သတ်မှတ်ခဲ့တာဖြစ်ပြီး ဘယ်သူ ဘယ်ဝါဆိုတာတော့ မသိရသေးပါဘူး။ ပြည်နယ်ဝန်ကြီးဌာန ၆ ခုကတော့ လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံဘဏ္ဍာ ဝန်ကြီးဌာန၊ စီးပွားရေး၊ ဆောက်လုပ်ရေး၊ စက်မှုနဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ လယ်ယာသစ်တော၊ ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေး၊ လျှပ်စစ်ဝန်ကြီးဌာန၊ ကျန်းမာရေးနဲ့ ပညာရေးဌာနတို့ဖြစ်ပြီး လာမယ့် တနင်္လာနေ့မှာ ဝန်ကြီးစာရင်းတွေကို သမ္မတဦးသိန်းစိန်က အဆိုတင်သွင်းအတည်ပြုမှာဖြစ်ပါတယ်။

---

# မိုးလေဝသအခြေခံသင်တန်းတခုဖွင့်

**DVB ၊ ဖေဖော်ဝါရီ ၈ ။** ။ ဂျာနယ်သတင်းထောက်တွေအပါအဝင် စိတ်ဝင်စားသူဘယ်သူမဆို တက်ရောက်နိုင်မယ့် မိုးလေဝသအခြေခံသင်တန်း တခုဖွင့်ဖို့ သက်ဆိုင်ရာ စာပေစာနယ်ဇင်းအဖွဲ့ကို ကမ်းလှမ်းပြောဆိုထားတဲ့အကြောင်း မိုးလေဝသပညာရှင်ဦးထွန်းလွင်က ပြောပါတယ်။

"သင်တန်းကတော့ တခြားမဟုတ်ဘူးဗျ၊ ဂျာနယ်မှာ ကလေးတွေကလာ လာမေးကြတယ်။ မိုးလေဝသမေးလိုက်၊ သဘာဝမေးလိုက်၊ ပတ်ဝန်းကျင်ရေးရာ မေးလိုက်။ ကျနော်တို့ ဂျာနယ်တွေကလည်း ဘယ်ဟာမှစနစ်တကျနဲ့လူတွေ ကိုလည်း training ပေးတာမျိုးမရှိဘူး။ အထူးသဖြင့် မိုးလေဝသ၊ သဘာဝ ဘေးတို့ဆိုတာ training က ဘယ်နေရာသွားယူရမှာလဲဗျာ။ ပေးတဲ့နေရာလဲမ ရှိ၊ အဲတော့ ကလေးတွေက အခြေခံအားဖြင့် ဘာမှသိပ်မသိကြဘူး။ မသိတော့ ရေးတဲ့အခါ ပြောတဲ့အခါမှာမှားတာပေါ့ဗျာ၊ ဝေါဟာရတွေ မှားတာလည်းရှိတယ်၊ အဓိပ္ပာယ်တွေ လွဲတာလည်းရှိတယ်ဆိုတော့ မကြာခဏကျနော်တို့မှာ ခွကျ တာပေါ့။ မဖြစ်သင့်တဲ့ကိစ္စပေါ့ဗျာ၊ ဒီကိစ္စကို ကောင်းအောင်တော့လုပ်ရမယ်။ သက်ဆိုင်တဲ့ စာပေလုပ်သားအဖွဲ့ကို သက်ဆိုင်ရာ မိုးလေဝသအခြေခံသင်တန်း လေးတခု ကျနော်ပို့ချချင်ပါတယ်။ ကျနော် offer လုပ်ပါတယ်။ မူအားဖြင့်တော့ သဘောတူပါတယ်၊ ခွင့်ပြုချက်ရရင် ကျနော် ဖွင့်ဖြစ်လိမ့်မယ်ထင်ပါတယ်။"

ဒီမိုးလေဝသခြေခံသင်တန်းဖွင့်မယ့်ကိစ္စနဲ့ပတ်သက်ပြီးမြန်မာနိုင်ငံစာ ပေနဲ့စာနယ်ဇင်းအဖွဲ့က အတွင်းရေးမှူးဦးကိုကိုကအခုလို ပြောပါတယ်။

"စာပေစာနယ်ဇင်းအဖွဲ့မှာ ပုံမှန်သင်တန်းလေးတွေပေးနေတော့ အခုမိုး လေဝသသင်တန်းပေးတာ ကောင်းတာပေါ့၊ အတူတူတွဲလုပ်ကြတာပေါ့။ ဒီလိုပဲ ကျနော်တို့က ပြောထားတာရှိသေးတယ်။ ကျနော်တို့ကျတော့ တယောက် တည်း လုပ်လို့ရတာမဟုတ်ဘူး။ အဖွဲ့နဲ့ဘာနဲ့တင်ပြီး ဟိုမှာ စီမံချက်တွေဘာ တွေဆွဲပြီး သင်တန်းမှူးဘာညာဆိုပြီးလုပ်ရတာ။ အဲဒီအဆင့်တွေက ကျန်သေး တယ်၊သင်တန်းသားခေါ်တာလုပ်ရဦးမယ်။ အဲဒါလေးနည်းနည်းလိုပါသေးတယ်။ ကျနော်တို့ တလ၊ နှစ်လလောက်တော့ လိုဦးမယ်။"

ဂျာနယ်တွေမှာ မိုးလေဝသသတင်းတွေ ရေးသားဖော်ပြတဲ့အခါတ စောင်နဲ့တစောင်ကွဲလွဲနေတာတွေမကြာခဏတွေ့ရပါတယ်။ ပြီးခဲ့တဲ့အပတ်ထဲ မှာထုတ်တဲ့ သတင်းဂျာနယ်တစောင်က လာမယ့်နွေရာသီဟာ မနှစ်ကနွေရာသီ လိုပဲ ပူပြင်းနိုင်တယ်လို့ဖော်ပြခဲ့ပြီး အဲ့ဒီအပတ်ထဲထုတ်တဲ့ တခြားဂျာနယ် တစောင်မှာတော့ လာမယ့်နွေဟာ မနှစ်ကလောက် မပူပြင်းနိုင်ဆိုပြီးရေးသား ဖော်ပြခဲ့ပြန်ပါတယ်။ ဒီလိုကွဲလွဲတာတွေက စာဖတ်သူ တွေအတွက်ဝေဝါးစေနိုင် ပါတယ်။ အခု မိုးလေဝသပညာရှင်လို ပညာရှင်တွေက သတင်းထောက်တွေကို သက်ဆိုင်ရာဘာသာရပ်အလိုက် အခြေခံသင်တန်းတွေ ပေးနိုင်ရင်တော့ဒီလိုကွဲ လွဲဖော်ပြတာမျိုး ဖြစ်နိုင်ခြေ နည်းသွားနိုင်တယ်လို့ စာနယ်ဇင်း အသိုင်းအဝိုင်းက သုံးသပ်ပြောဆိုနေကြပါတယ်။

# အမျိုးသားပြန်လည်သင့်မြတ်ရေး ၈၈ မျိုးဆက်ကျောင်းသားများ တိုက်တွန်း

**RFA l ဖေဖော်ဝါရီ ၁၀ ။** ။ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် နိုင်ငံရေး အင်အားစုတွေ အားလုံးလက်တွဲ ပူးပေါင်း ဆောင်ရွက်ကြဖို့ ၈၈ မျိုးဆက် ကျောင်းသားတွေက တိုက်တွန်းလိုက်ပါတယ်။

ဒီမိုကရေစီအင်အားစုများ၏ အထွေထွေ ရွေးကောက်ပွဲ အနိုင်ရ နှစ်ပတ်လည်နေ့ ဖြစ်သော ၂၀၀၇ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ပါဝင် ဆင်နွှဲနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးအင်အား စုတွေ အားလုံးလက်တွဲပူးပေါင်း ဆောင်ရွက်ကြဖို့ ၈၈ မျိုးဆက်ကျောင်း သားတွေက တိုက်တွန်းလိုက်ပါတယ်။

ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ကျရောက်မယ့် ပြည်ထောင်စုနေ့ အချိန်နဲ့ တိုက်ဆိုင်ပြီး ထုတ်ပြန်တဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ ရဲ့ ကြေငြာချက်မှာ အခုလိုတိုက်တွန်းလိုက်တာ ဖြစ်ပါတယ်။

အမျိုးသား သွေးစည်းညီညွတ်မှုကို ဖော်ပြနိုင်ခဲ့တဲ့ ပင်လုံစာချုပ် ချုပ်ဆိုခဲ့တာ မကြာမီ ၆၄ နှစ် ပြည့်တော့မှာ ဖြစ်ကြောင်း၊ ဒါပေမယ့် ဒီကနေ့မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေနဲ့ နိုင်ငံရေး အကျဉ်းသားတွေ ရှိနေတဲ့ကိစ္စဟာ အမျိုးသား စည်းလုံးညီညွတ်ရေး ပျက်ပြားနေတာကို ထင်ထင်ရှားရှား သက်သေပြနေကြောင်း၊ ကြေငြာ ချက်နဲ့ပတ်သက်လို့ ဆက်သွယ်မေးမြန်းရာမှာ ၈၈ မျိုးဆက်ခေါင်း ဆောင်တဦး ဖြစ်တဲ့ ကိုစိုးထွန်းက ပြောပါတယ်။

တိုင်းပြည်မှာ နိုင်ငံရေးတည်ငြိမ်မှုကို ဖန်တီးနိုင်မှာမဟုတ်သလို ဒီမိုကရေစီနိုင်ငံကို ထူထောင်ရာမှာ အခက်အခဲများစွာရှိမှာ ဖြစ် ကြောင်း၊ ဒီ အခက်အခဲတွေကို အကောင်းဆုံးဖြေရှင်းနိုင်မဲ့ နည်းလမ်း ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ဖို့ လိုအပ်တဲ့ အ တွက် အလေးအနက် တိုက်တွန်းတောင်းဆိုကြောင်းကိုစိုးထွန်းက ပြောပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ဖို့ အတွက် အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့လိုအပ် ကြောင်း။

အခုအခါမှာ အစိုးရသစ် တစ်ရပ်လည်း ပေါ်ထွန်းလာတော့မှာ ဖြစ်တဲ့အတွက် ဒီအစိုးသစ်အနေနဲ့အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကိုကြေငြာပြီးနိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့လိုအပ်ကြောင်း ကို ၈၈ မျိုးဆက်ကျောင်းသားတွေက လှုံ့ဆော်တိုက်တွန်းထားပါ တယ်။

၁၉၈၈ ဒီမိုကရေစီ အရေးအခင်းမှာ ဦးဆောင် ကျောင်းသားတွေ ဖြစ်တဲ့ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့က ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျာ စတဲ့သူတွေဟာ နယ်အသီးသီးက အ ကျဉ်းထောင်တွေမှာ နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ပြစ်ဒဏ်ချခံနေရပါ တယ်။

# အကျဉ်းသားလွှတ်မြောက်ရေးကိစ္စ NDF က လွှတ်တော်ထဲ အကြောင်းကြား

**DVB l ဖေဖော်ဝါရီ ၉ ။** ။ နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေး အ ပါအဝင် စီးပွားရေးနဲ့ပတ်သက်တဲ့ ဥပဒေတွေကို လွှတ်တော်ကပြဋ္ဌာန်းဖို့ အမျိုး သားဒီမိုက ရေစီအင်အားစုပါတီက ပြီးခဲ့တဲ့ရက်ပိုင်းကပဲ လွှတ်တော်ဥက္ကဋ္ဌရုံး တွေကို အကြောင်း ကြားထားတယ်လို့ သိရပါတယ်။

လွှတ်တော်အတွင်းမှာ မေးခွန်းတွေမေးဖို့ဆိုရင် လွှတ်တော်ဥက္ကဋ္ဌကို ၁၀ ရက် ကြိုတင်အကြောင်းကြားရမှာ ဖြစ်ပြီးတော့ အဆိုတင်သွင်းဖို့ဆိုရင် ၁၅ ရက်၊ ဥပဒေကြမ်းတင်သွင်းဖို့ဆိုရင် ရက်ပေါင်း ၃၀ ကြိုတင်အကြောင်းကြားရမှာ ဖြစ်တဲ့အတွက် အခုကတည်းက ကြိုတင်အကြောင်းကြားထားတာလို့ အန်ဒီ အက်ဖ်ပါတီ ဥက္ကဋ္ဌဦးခင်မောင်ဆွေက ပြောပါတယ်။

"နံပါတ်တစ်က နိုင်ငံရေးအကျဉ်းသားတွေကို ချွင်းချက်မရှိ လွှတ်ပေး ဖို့တပါတည်းပဲ ရာဇဝတ်သားတွေကို ထောင်ထဲမှာရောက်နေတဲ့ အကျဉ်းသား အားလုံးကို အစိုးရသစ်ဖြစ်လာတဲ့အခါမှာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ် ပြန်ပေးဖို့ ဒါကို ကျနော်တို့ အစကတည်းက ပြင်ဆင်ထားပါတယ်၊ အခြေခံ ဥပဒေမှာလည်းပါပါတယ်၊ အဲဒါတောင်းဆိုမှာပါ။ ဒုတိယအချက်ကတော့ စီးပွား ရေးမှာ လက်ဝါးကြီးအုပ်စနစ်ပပျောက်အောင် လုပ်ပြီးတော့အများ ပါဝင်နိုင်တဲ့ စီး ပွားရေးစနစ်ကျင့်သုံးနိုင်အောင်ဥပဒေပြဋ္ဌာန်း ပေးဖို့ ဒါလည်းတင်သွင်းသွားမှာပါ။ တတိယအချက်ကတော့ လယ်ယာကဏ္ဍမှာ လယ်ပိုင်ဆိုင်မှုတွေကို ၆၃ ခုနှစ် က လယ်သမားတွေရဲ့တောင်သူလယ်သမားတွေကို ကာကွယ်တဲ့ဥပဒေအရ ဒါတွေကို ကျနော်တို့ ကာကွယ်ပေးရေးကို ဆောင်ရွက်ပေးဖို့ ရှိပါသလားဆိုတဲ့ မေးခွန်း၊ နောက်တော့ ကျနော်တို့ ရိဖရက်ဖရီးဒန်းဆိုတဲ့ မေးခွန်း၊ အဲဒါတွေက ဦးဆုံးတင်ထားတဲ့ဟာတွေပါ။ လွှတ်တော်မှာ ဒါတွေကိုအဆိုတင် သွင်းခွင့် ပြုမယ်၊ မေးခွင့်ပြုမယ်ဆိုရင် ဆက်တင်သွင်းသွားဖို့ တော်တော်များများရှိပါ တယ်။"

ဖွဲ့စည်းပုံအရ လွှတ်တော်မှာ မေးခွန်းမေးဖို့ ၁၀ ရက် ကြိုတင်အ ကြောင်းကြားရမှာဖြစ်သလို အဆိုတင်သွင်းဖို့ဆိုရင် ၁၅ ရက်နဲ့ ဥပဒေကြမ်း တင်သွင်းဖို့ဆိုရင် ရက်ပေါင်း ၃၀ ကြိုတင် အကြောင်းကြားရမှာဖြစ်ပါတယ်။ တကယ်တင်ခွင့်ရမရကိုတော့ သက်ဆိုင်ရာ လွှတ်တော်တွေရဲ့ ဥက္ကဋ္ဌတွေက အဆုံးအဖြတ်ပေးရမှာဖြစ်ပါတယ်။ ဥပမာ ပြည်သူ့လွှတ်တော်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကိုပြည်သူ့လွှတ်တော်ရဲ့ဥက္ကဋ္ဌသူရဦး ရွှေမန်းက အဆုံးအဖြတ်ပေးရမှာ ဖြစ်သလို အမျိုးသားလွှတ်တော်နဲ့ ပတ်သက်တာတွေကိုတော့ ဦးခင်အောင် မြင့်က အဆုံးအဖြတ် ပေးရမှာဖြစ်ပါတယ်။ ဒီနှစ်ယောက်စလုံးက လွှတ်တော် ထဲမှာ အများစုနေရာရထားတဲ့ ကြံ့ခိုင်ရေးပါတီကဖြစ်ပါတယ်။ တခါအဲဒီလို လွှတ်တော် ဥက္ကဋ္ဌ တွေရဲ့ခွင့်ပြုချက်နဲ့ လွှတ်တော်ကိုတင်ပြတဲ့အဆိုပြု ချက်တွေ ဥပဒေကြမ်းတွေက သက်ဆိုင်ရာလွှတ်တော်တွေမှာရှိတဲ့ အမတ်အများစုရဲ့ ထောက်ခံချက်တွေနဲ့ ဥပဒေဖြစ်လာဖို့ရှိပါတယ်။ အန်ဒီအက်ဖ်ပါတီရဲ့ ခေါင်း ဆောင်ဦးခင်မောင်ဆွေကတော့ သူတို့ အဆိုပြုမယ့် ကိစ္စတွေနဲ့ပတ်သက်ပြီး တော့ အကောင်းမြင်ပေမယ့် ဒီကိစ္စတွေက အချိန်ယူရဦးမယ့် သဘောတွေရှိနေ တယ်လို့ ခုလို ပြောပါတယ်။

"ဝန်ကြီးတွေ ရွေးပြီးမှ ကျနော်တို့ မေးတဲ့မေးခွန်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဖြေရမှာကိုး၊ အဲဒါတွေ ဝန်ကြီးတွေကို ကျနော်တို့ ဦးတည်မေး ထားတဲ့ မေးခွန်းတွေပါနေတော့ ဝန်ကြီးအဖွဲ့ဖွဲ့တဲ့အထိ စောင့်ရမယ်၊ ဖွဲ့ပြီး တော့လည်း ဝင်ကြီးတွေက အသစ်ဖြစ်တော့ လေ့လာရဦးမယ်၊ ဒီဌာနမှာ ဘာ တွေဖြစ်ခဲ့သလဲ၊ ဘယ်လိုဟာတွေ ကျန်သေးသလဲဆိုတာ လေ့လာပြီးမှ မေးခွန်း တွေကို ဖြေရမှာကို အချိန်ကယူရတဲ့ သဘောပေါ့။"

# ရှမ်းခေါင်းဆောင်များကိုလွှတ်ပေးရန် ရှမ်းအမျိုးသားနေ့မှာ SNLD တောင်းဆို

**RFA | ဖေဖော်ဝါရီ ၈ ။** ။ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ကျရောက်တဲ့ ၆၄ နှစ်မြောက်ရှမ်းပြည်နယ်နေ့ ခေါ် ရှမ်းအမျိုးသားနေ့ကိုရန်ကုန်မြို့ အပါအဝင် ပြည်တွင်းပြည်ပမှာ ရောက်ရှိနေကြတဲ့ ရှမ်းတိုင်းရင်းသားတွေ အထိမ်းအမှတ်အခမ်းအနားတွေ မနေ့က ကျင်းပခဲ့ကြပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကို ထောင်ဒဏ် ၉၃ နှစ် ချမှတ်ပြီး မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုထောင်သို့ ပို့ဆောင်အကျဉ်းချထားပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ရှမ်းခေါင်းဆောင် ၉ ဦးကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ စစ်အစိုးရကိုတောင်းဆိုလိုက်သလို နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုတရပ် အမြန်ဆုံးကျင်းပဖို့လိုအပ်ကြောင်း တိုက်တွန်းလိုက်ပါတယ်။

၆၄ နှစ်မြောက် ရှမ်းပြည်နယ်နေ့ ခေါ် ရှမ်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန် ၉ မိုင် ဘုန်းကြီးကျောင်းဖြစ်တဲ့ ရှမ်းကျောင်းမှာ မနေ့က ဖေဖော်ဝါရီလ ၇ ရက်နေ့ ည ၇ နာရီက စလို့ ရှမ်းပြည်နယ်အတွင်းက တိုင်းရင်းသားအသင်းတွေဖြစ်တဲ့ တောင်ကြီးအသင်း၊ ရန်ကုန်ရှမ်းစာပေ ယဉ်ကျေးမှုအသင်း၊ ပအို့၊ တအာင်း ပလောင်၊ အင်းသား၊ ဓနု၊ ကျောက်မဲ၊ သီပေါ၊ မိုးမိတ်အသင်းစတဲ့ အဖွဲ့ ၁၂ ဖွဲ့ကနေ ပူးပေါင်းပြီး ဖျော်ဖြေပွဲတွေကို မနက် ၃ နာရီ အထိ ကျင်းပခဲ့သလိုရှမ်းပြည်နယ်အတွင်းကအစားအသောက်တွေကိုလည်း ရောင်းချခဲ့ကြတယ်လို့ သိရပါတယ်။

ဒီလို အခမ်းအနားတွေကို မန္တလေးတက္ကသိုလ်မှာ ရှိတဲ့ရှမ်းကျောင်းသူကျောင်းသားတွေကလည်း ရှမ်းပြည်နယ်နေ့အမှတ်တရပွဲတခုကျင်းပခဲ့သလို ထိုင်း-မြန်မာ နယ်စပ်ဒေသက ရှမ်းပြည်တပ်မတော်တောင်ပိုင်း လွိုင်တန်းလျှန်း စစ်ဌာနချုပ်မှာလည်း စစ်ရေးပြအခမ်းအနားတွေနဲ့အတူ ကျင်းပခဲ့ကြပါတယ်။ အလားတူပဲ ဂျပန်နိုင်ငံ တိုကျိုမြို့နဲ့ တခြားပြည်ပမှာ ရောက်ရှိနေကြတဲ့ ရှမ်းတိုင်းရင်းသားတွေကလည်း နေရာဒေသအလိုက် အထိမ်းအမှတ်အခမ်းအနားတွေ ကျင်းပခဲ့ကြတယ်လို့ သိရပါတယ်။

တဆက်တည်းမှာပဲ ဒီ ၆၄ နှစ်မြောက် ရှမ်းပြည်နယ်နေ့မှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ကနေပြီး ဥက္ကဋ္ဌ ခွန်ထွန်းဦးနဲ့ အထွေထွေအတွင်းရေးမှူးစိုင်းညွန့်လွင် အပါအဝင်ရှမ်းတိုင်းရင်းသားခေါင်းဆောင် ၉ ဦးနဲ့တကွ နိုင်ငံရေးယုံကြည် ချက်ကြောင့် အကျဉ်းကျခံနေရသူအားလုံးကို ချွင်းချက်မရှိ ပြန်လွှတ်ပေးပြီး နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတရပ် အမြန်ဆုံးစတင် ကျင်းပသွားဖို့လိုအပ်ကြောင်း တပ်မတော်အစိုးရနဲ့တကွ နိုင်ငံရေးအစုအဖွဲ့အားလုံးကို တိုက်တွန်းပြောဆိုတဲ့ အချက် ၂ ချက်ပါ တောင်းဆိုတဲ့ စာတစောင် ထုတ်ပြန်ခဲ့ပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ် က နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးနဲ့ ပါသင့်ပါထိုက် သူတွေပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှု ပေါ်ပေါက်လာဖို့အရေးကြီးကြောင်း RFA ကို ပြောပါတယ်။

“လွှတ်ပေးပြီးတာနဲ့ ပွင့်လင်းမြင်သာပြီးတော့မှ ပါဝင်သင့် ပါဝင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ အားလုံး ပါဝင်နိုင်တဲ့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု တရပ်ကို အမြန်ဆုံးစတင်ဖို့ ဒီနှစ်ချက်ကို အဓိကထားပြီးတော့ တိုက်တွန်းတောင်းဆိုထားတာပါ။ အခု တိုင်းရင်းသားနဲ့ တပ်မတော်အစိုးရ အဆက်ဆက်တိုင်းရင်းသားတွေရဲ့ တန်းတူညီ အခွင့်အရေးကို ဖော်ဆောင်နိုင်ခြင်းမရှိဘူး။ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တိုင်းရင်းသားတွေ ကိုယ်နှိုက်က လုပ်ဆောင် နိုင်ခဲ့ခြင်းမရှိဘူး။”

“နောက်တခါ လက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်းပဲ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု တရပ် ဘယ်တော့မှ မလုပ်ပေးပဲနဲ့တိုင်းရင်းသားတွေအနေနဲ့ သူတို့ရဲ့ရပိုင်ခွင့်ကို တောင်းဆိုဖို့ဆိုတာ လွှတ်တော်ထဲမှာလည်းမဖြစ်နိုင်ဘူး။ တင်ပြခွင့်လည်းမရဘူး။ အဲ့လို တင်ပြခွင့်မရ ဆွေးနွေးခွင့်မရတဲ့ အနေအထားမျိုး ဆိုလို့ရှိရင် တချိန်မှာ ကျနော်တို့ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာနိုင်တယ်။ ဒီမိုကရေစီဖော်ဆောင်ရေးကိုလည်းပဲ မဖြစ်မနေထိခိုက်လာမှာပဲ ဒါကြောင့်မို့လို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးကိုအားလုံးဝိုင်းဝန်းလုပ်ဆောင်နိုင်ဖို့အတွက် အဓိကထားပြီး ဒီ ၂ ချက်ကို တောင်းဆိုရခြင်းဖြစ်ပါတယ်။”

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် ၉ ဦးဟာ ရှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းရေးနဲ့ မြန်မာပြည်မှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ရေး အတွက် ဆွေးနွေး ပြီးနောက် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှာအဖမ်းခံရတာပါ။ သူတို့တွေကိုနိုင်ငံတော်ပုန်ကန်မှုအပါအဝင် အခြား စွဲဆိုချက်တွေနဲ့ နှစ်ရှည်ထောင်ဒဏ် ချမှတ်ပါတယ်။

# ကချင်နှင့် နအဖတပ် တိုက်ပွဲဖြစ်

**DVB | ဖေဖော်ဝါရီ ၈ ။** ။ ကချင်အမျိုးသားလွတ်လပ်ရေးတပ်မတော်နဲ့ မြန်မာ့တပ်မတော်အကြား ဒီမနက်ပိုင်းကစလို့ မွန်းတည့်ချိန်ထိ တိုက်ပွဲဖြစ်ပွားနေတယ်လို့တရုတ်မြန်မာနယ်စပ် စစ်ဘက်သတင်းရပ်ကွက်က ပြောပါတယ်။

အစိုးရဘက်က ခလရ ၁၅ နဲ့ ကေအိုင်အေ တပ်မဟာ (၃) တပ်ရင်း (၂၇) တို့အကြား တိုက်ပွဲဖြစ်ပွားနေတယ်လို့ဆိုပါတယ်။ နှစ်ဖက်အကြား အပစ်ရပ်ခဲ့ချိန်ကစပြီး ပထမဆုံးတိုက်ပွဲစတင်ဖြစ်ခဲ့တာပါ။ မိုးညှင်းအခြေစိုက် မြန်မာ့တပ်မတော် ခလရ ၁၅ က ကေအိုင်အိုတပ်မဟာ (၃) တပ်ရင်း (၂၇) ထံ မနေ့က ကေအိုင်အို ထိန်းချုပ်နယ်မြေတွင်းမှာ ဘိန်းရှာဖွေဖျက်ဆီးရေးလုပ် မယ်ဆိုပြီး ဝင်ရောက်ဖို့ ပြင်ဆင်ခဲ့ပြီး တားမြစ်တဲ့ကြားထဲကနေ ဝင်ရောက်လို့ ပစ်ခတ်မှုဖြစ်တာလို့ဆိုပါတယ်။ အခင်းဖြစ်တဲ့နေရာဟာ ဗန်းမော်မြို့ အရှေ့တောင်ဘက်၊ နမ့်ခမ်းမြို့ရဲ့ အနောက်မြောက်ဘက်မှာ ဖြစ်ပွားတာလို့ ဆိုပါတယ်။ တရုတ်–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက–

“မနေ့ကတည်းကဘိန်းခုတ်မယ်၊ဘိန်းဖျက်ဆီးရေးလုပ်ဖို့ဝင်မယ်ဆိုပြီး တပ်ရင်းတရင်းနဲ့ စမ်းနေတာ။ တပ်ရင်းက (၁၅) ပေါ့၊ စစ်ကြောင်းတကြောင်းနဲ့၊ ကေအိုင်အေကအထက်ညွှန်ကြားချက်မရှိလို့ မဝင်ပါနဲ့ဦးဆိုတာဒီမနက်အတင်း ဝင်တယ်။ ကေအိုင်အေက သေနတ်ထောင်ဖောက်တယ်။ သူတို့က တည့်တည့် ပစ်လို့ ကေအိုင်အေက ပြန်ပစ်ရတာ။ ကေအိုင်အိုဘက်ကပစ်တဲ့ အာရ်ပီဂျေက တပ်ရင်းမှူးကားကို တိုက်ရိုက်မှန်တာ” လို့ ပြောပါတယ်။ ဒီသတင်းကိုနှစ်ဘက် အဖွဲ့အစည်းတွေက ထုတ်မပြောသေးပါဘူး။ ကေအိုင်အိုဟာ အစိုးရနဲ့ဆယ်စုနှစ်တခုကျော် အပစ်ရပ်ခဲ့တဲ့အဖွဲ့ဖြစ်ပြီး နယ်ခြားစောင့်တပ်အသွင် ပြောင်းရေးကို လက်မခံပါဘူး။ အကျိုးဆက်အဖြစ် အစိုးရဘက်က အပစ်မရပ်ခင်ကအတိုင်း ဆက်ဆံမယ်လို့ ပြောဆိုထားပါတယ်။

# နအဖတပ်စခန်း ၄ ခုကို ဒီကေဘီအေနှင့် ကေအန်ယူပူးပေါင်းတပ်တို့တိုက်ခိုက်

**DVB ၊ ဖေဖော်ဝါရီ ၁၁ ။** ။ ကရင်ပြည်နယ် ကောဂရိတ်မြို့နယ်က နအဖတပ်စခန်း ၄ ခုကို တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့နဲ့ ကရင်လွတ်မြောက်ရေးပူးပေါင်းတပ်တို့ မနေ့မနက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။

ကောကရိတ်မြို့နဲ့ တမိုင်ကျော်လောက်သာ ကွာဝေးတဲ့ နအဖတပ်စခန်းတွေဖြစ်တဲ့ တောင်သုံးလုံး၊ ကောင်းမူး၊ ကြောင်ရှာကုန်းနဲ့ ခင်နှင်းမူးစခန်းတွေကို ဒီကေဘီအေ ကလိုထူးဘောတပ်ရင်းနဲ့ ကေအန်အယ်အေတပ်ရင်း ၁၀၁ ပူးပေါင်းတပ်တို့ တပြိုင်နက်ဝင်ရောက်တိုက်ခိုက်ခဲ့တာပါ။ မနက် ၅ နာရီလောက်ကနေ ၆ နာရီလောက်ထိ ပစ်ခတ်မှုတွေဖြစ်ပြီး နအဖ တပ်ဘက်က အဲဒီစခန်းတွေက နေဆုတ်ခွာပေးလိုက်တယ်လို့ ဒီကေဘီအေတပ်မှူးတဦးက ပြောပါတယ်။ နအဖတပ်ဆုတ်ပေးတဲ့အတွက် ကရင်ပူးပေါင်းတပ်ဖွဲ့ဝင်တွေက လက်နက်ပစ္စည်းနဲ့ ကျည်တချို့ကိုယူပြီးအဲဒီနေရာကနေပြန်လည်ထွက်ခွာတယ်လို့ ပြောပါတယ်။

“စခန်းတွေ အကုန်တက်လို့ရတယ်။ တက်ပြီးတော့ သူတို့ပစ္စည်းတချို့ကိုယူပြီး ပြန်ထွက်သွားတာပဲလေ။ အဲဒီမှာ အတည်နေလို့မှ မရတာ။ တိုက်ပွဲက မနက် ၅ နာရီကနေ ၆ နာရီအထိလောက်ဖြစ်တယ်။ ကျနော်တို့တပ်က ၁ ယောက်ဒဏ်ရာရတယ်။ သူတို့ဘက်ကတော့ ၃ ယောက်သေတယ်၊ ၄ ယောက်ဒဏ်ရရတယ်။ အဲဒါကတော့ သိပ်မသေချာသေးဘူး။”

ကောကရိတ်မြို့ခံတဦးကတော့ မနေ့မနက်က ဖြစ်တဲ့တိုက်ပွဲမှာ အရပ်သားအမျိုးသမီးတဦး ထိခိုက်သွားသလို နယ်ခြားစောင့်တပ်ဖွဲ့တွေလည်း ဒဏ်ရာရရှိကြောင်း အခုလိုပြောပါတယ်။

“အမတို့နေတာက မြို့ထဲမှာ အခုဖြစ်တာက တမိုင်ကျော်ကျော်လောက်မှာဖြစ်တာ။ မြဝတီနဲ့ ကော်ကရိတ်လမ်းမှာဖြစ်တာ။ အသံတွေ ကြားနေရတာ။ လက်နက်ကြီးလည်း ပစ်တယ်။ မိန်းမတယောက်ထိလို့ ဆေးရုံလိုက်ပို့တယ်ကြားတယ်။ နောက်ပြီးတော့ သူတို့ အချင်းချင်းထိကြမှာပေါ့။ လူ ၂ ယောက် ၃ ယောက်လောက်တော့ ထိမယ်နဲ့တူတယ်။ ညကားနဲ့ လူနာကို ဆေးရုံပို့လိုက်တယ်လို့ အဲလိုပြောတယ်။”

မနေ့မနက်ကဖြစ်တဲ့ တိုက်ပွဲတွေကြောင့် ကောကရိတ်ကနေ မြဝတီမြို့ကို တက်တဲ့ကားတွေကို မနက်ပိုင်းမှာ ခဏဆိုင်းထားပြီး ညနေပိုင်းမှာတော့ ပြန်တက် ခွင့်ပေးတယ်လို့ ဆိုပါတယ်။ ဒီနေ့ မြဝတီမြို့ အဆင်းကားတွေကိုတော့ ရပ်ဆိုင်းတာမရှိဘူးလို့ အဲဒီဒေသခံအမျိုးသမီးကပဲ ပြောပါတယ်။ ဒီတိုက်ပွဲကြောင့် ဒေသခံတွေအနေနဲ့ စိုးရိမ်ထိတ်လန့်မှုရှိမရှိဆိုတာနဲ့ ပတ်သက်လို့ သူက အခုလိုပြောပါတယ်။

“ဟိုးငယ်ငယ်တုန်းက ဒီကော့ကရိတ်မှာနေကတည်း ကဆိုတော့ အမတို့က သိပ်မကြောက်ဘူး။ အမတို့က မြို့လယ်ခေါင်မှာပဲဆိုတော့ အမတို့နဲ့လည်း အလှမ်း ဝေးတယ်မဟုတ်လား၊ အပြင်ကလူတွေကတော့ ကြောက်မှာပေါ့။ သူတို့ကတော့ အချိန်ပေးတာပဲ၊ ဘယ်နေ့ဘယ်ရက် လုပ်မယ်ဆိုတာ ကိုယ်ကလည်း သတင်းတွေကြားတာပေါ့။ ဒီတိုက်ပွဲမှာ ဒီကေဘီအေ တပ်မဟာ(၅) ဗျူဟာမှူးဗိုလ်မှူးကြီးစောကျော်သက်ဦးစီးသည့်အဖွဲ့က သွားရောက်တိုက်ခိုက်တာလို့ ဒီကေဘီအေတပ်ဘက်က ပြောပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲကျင်းပနေစဉ် မြဝတီမြို့ နယ် အပါအဝင် ဘုရားသုံးဆူမြို့နဲ့ ကြာအင်းဆိပ်ကြီး မြို့နယ်တွေမှာ စစ်အစိုးရ တပ်နဲ့ ဒီကေဘီအေတပ်တို့ တိုက်ပွဲတွေစတင်ဖြစ်ပွားခဲ့ပြီး နေ့စဉ်နီးပါး ကရင်ပြည် နယ်အတွင်းတိုက်ပွဲတွေဖြစ်ပွားနေတာ ဖြစ်ပါတယ်။

# ဝန်ကြီးစာရင်း ထုတ်ပြန်ခြင်းမရှိသေး

**DVB ၊ ဖေဖော်ဝါရီ ၁၁ ။** ။ အစိုးရအဖွဲ့သစ်မှာပါဝင်မယ့် ဝန်ကြီးဌာန ၃၄ ခုအတွက် သမ္မတဦးသိန်းစိန် အဆိုပြုတင်သွင်းထားတဲ့ ဝန်ကြီး ၃၀ ရဲ့ အမည်စာရင်းတွေကို ဒီကနေ့ပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကနေ ကန့်ကွက်သူမရှိ အတည်ပြုပေးလိုက်ပြီ ဖြစ်ပါတယ်။

ဒီဝန်ကြီးတွေအနေနဲ့တာဝန်ယူရမယ့် ဝန်ကြီးဌာနတွေရဲ့အမည် စာရင်းတွေကို ဒီကနေ့မှာ သတ်မှတ်ကြေညာပေးတာမျိုးမရှိသေးဘဲ လာမယ့်မတ်လလယ်လောက်မှ တရားဝင်ထုတ်ပြန်လာနိုင်တယ်လိုလည်း လွှတ်တော်တက်နေတဲ့အခြားအမတ်တဦးကဆိုပါတယ်။ အခုတည်ပြုလိုက်တဲ့ဝန်ကြီး တွေရဲ့အမည်စာရင်းတွေမှာ အရင်က ဝန်ကြီး (၉)ဦးနဲ့အတူ ဒုဝန်ကြီးနဲ့ တိုင်းမအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူအချို့ပြန်လည်ပါဝင်လာတာ တွေ့ရပါတယ်။ အရပ်သားတွေထဲကဆိုရင်ဥက္ကဌဦးဝင်းမြင့်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်ဦးတင့်ဆန်း၊ ဒေါက်တာမြအေး၊ကလေး အထူးကုပါမောက္ခ ဒေါက်တာဖေသက်ခင် တို့ ၄ ဦး ပါဝင်နေပါတယ်၊ကတချက်ချက်နဲ့ စွပ်စွဲပြစ်တင်နိုင်တယ်လို့ ဖော်ပြထားပါတယ်။

# ဆိုင်ရှင်သဘောထားအဖွဲ့ချုပ်ထုတ်ပြန်

**RFA ၊ ဖေဖော်ဝါရီ ၈ ။** ။ စီးပွားရေး ပိတ်ဆို့အရေးယူမှုကို ဖယ်ရှားသင့်မသင့်၊ ပြင်ဆင်သင့် မသင့်ကိစ္စ ဆွေးနွေးနိုင်ဖို့ အမေရိကန်အပါအဝင် ဥရောပသမဂ္ဂ (EU) နိုင်ငံတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဖေဖော်ဝါရီ ၈ ရက် ဒီကနေ့ ဖိတ်ခေါ်လိုက်ပါတယ်။

စစ်အစိုးရအပေါ် တင်းကျပ်ပြင်းထန်သော စီးပွားရေးပိတ်ဆို့ပြစ်ဒဏ်ခတ်သည့် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ဒီမိုကရေစီ အက်ဥပဒေကို အမေရိကန် သမတ ဂျော့ချ် ဒဘလျူ ဘုရှ် (အလယ်) ၂၀၀၃ ခုနှစ် ဇူလိုင် ၂၈ ရက်က အတည်ပြု လက်မှတ်ရေးထိုး ပြဌာန်းခဲ့ပါတယ်၊

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မြန်မာလို စာမျက်နှာ ၆ မျက်နှာပါ ကြေညာချက်မှာ အခုလိုတောင်းဆိုလိုက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးချွတ်ချုံကျမှုဟာ Sanctions ခေါ် ပြည်ပက ပိတ်ဆို့အရေးယူမှုကြောင့် ဆိုတာထက်၊ စစ်အစိုးရရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းမှု၊ မူဝါဒမှားယွင်းမှု၊ အဂတိလိုက်စားမှု၊ လူတစုက လက်ဝါးကြီးအုပ် ခြယ်လှယ်နေမှုတွေကြောင့် အဓိကဖြစ်ရတယ်လို့လည်း အချက်အလက်တွေနဲ့တကွ ဖော်ပြထားပါတယ်။ဒီကြေညာချက်မှာ စီးပွားရေးပိတ်ဆို့ အရေးယူမှုအပေါ် ထားတဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သဘောထားကိုလည်း အချက် ၈ ချက်နဲ့ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အနောက်တိုင်း နိုင်ငံတွေရဲ့ ပိတ်ဆို့အရေးယမှုဟာ မြန်မာနိုင်ငံက မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တဦးတယောက် တောင်းဆိုလို့ ချမှတ်ထားတာမဟုတ်ပဲ၊ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်သာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ ဒီမိုကရေစီ ဆိတ်သုဉ်းမှုတွေကြောင့် အရေးယူခဲ့တာဖြစ်လို့ ပိတ်ဆို့ရေးယူမှုတွေ ရုပ်သိမ်းဖို့အတွက် ဒီမိုကရေစီ နဲ့ လူ့အခွင့်အရေး ကိစ္စတွေကို ကိုင်တွယ် ဖြေရှင်းရမှာ ဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားတွေကို အားလုံးလွှတ်ပေးရမှာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရေးသားဖော်ပြထားပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

**ခင်မမမျိုး**

**ယခင်အပတ်အဆက်**

တဘက်က ကျင့်သုံးတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ စံချိန်စံညွှန်းတွေကို နားလည်အောင်လေ့လာပြီး၊ ဒီလုပ်ထုံးလုပ်နည်းတွေအကြားမှာ ကိုယ့်ရဲ့ လိုအပ်ချက်တွေကို ဘယ်လို အကောင်းဆုံး ဖြစ်အောင်လုပ်ယူရမလဲဆိုတာကို အသာစီး မရတဲ့ဘက်က တွက်ချက်စဉ်းစားဖို့ လိုအပ်ပါတယ်။ ဆုံးဖြတ်ချက်များကို အသာစီးရနေတဲ့ဘက်က ချမှတ်တာ ဖြစ်တဲ့အတွက် အသာစီးမရတဲ့ဘက်က လေးစားမှုပြုပြီး၊ တဘက်ရဲ့ စာနာမှုကို တောင်းခံဖို့ လိုကြောင်း ပညာရှင် Shell က ဆိုထားခဲ့ပါတယ်။

ပြည်တွင်းရေး ပဋိပက္ခတွေမှာ အာဏာရှင်တွေရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ပေးမှုကို တောင်းဆိုခြင်း၊ အာဏာရှင်များထံ အသနားခံစာတင်ခြင်း၊အခြားBATNAလမ်းစဉ်များကိုမစဉ်းစားပဲ စေ့စပ်ဆွေးနွေးရေးလမ်းစဉ်တခုတည်းကိုသာ ကျင့်သုံး၍ အာဏာရှင်တို့ဘက်မှ သဘောထား ပျော့ပျောင်းကာ စေ့စပ်ဆွေးနွေးလာမည့် အချိန်ကို စောင့်စားခြင်းစတာတွေဟာ အာဏာရှင်ဘက်ရဲ့ အသာစီးရနေမှုကို အသိအမှတ်ပြုပြီး၊ အားနည်းတဲ့ဘက်က normative leverage strategy ကို အသုံးပြုခြင်းပဲဖြစ်ပါတယ်။ အတိုက်အခံနိုင်ငံရေး အဖွဲ့အစည်းတွေက ဒီလို normative leverage strategy ကို အကောင်အထည်ဖော်နေပြီဆိုရင် ပြည်သူလူထုအနေနဲ့ အခြေအနေကို ပြန်လည် စဉ်းစားသုံးသပ်ဖို့ လိုပါတယ်။

အာဏာရှင်ဘက်ကို အသာစီးပေးထားပြီး၊ normative leverage strategy ကို အကောင်အထည် ဖော်လိုက်ရမှုဟာ အတိုက်အခံတွေဘက်မှာ တခြားလူထုတိုက်ပွဲ၊ လက်နက်ကိုင်တော်လှန်ရေး၊ မြေအောက်လှုပ်ရှားမှုစတဲ့ BATNA လမ်းစဉ်တွေကိုကျင့်သုံးနိုင်သည့် အခြေအနေလုံးဝမရှိ၍တော့လား (သို့မဟုတ်) သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အစည်းရဲ့ပိုနေမြဲ၊ ကျားနေမြဲနေလိုမှုလားဆို တာကို သေသေချာချာ ခွဲခြားနိုင်ဖို့ လိုအပ်ပါတယ်။ ပထမအခြေအနေအတိုင်းဆိုလျှင်တော့ အာဏာရှင်စနစ် ဖြိုချရေးအတွေးအခေါ်ကို လက်လျှော့ပြီး၊ political liberalization အတွေးအခေါ်ကို လက်ခံသင့်ပါတယ်။ ဒုတိယအခြေအနေအတိုင်း ဆိုရင်တော့အာဏာရှင်ဘက်ကို အသာစီးပေးပြီးမှ၊ အာဏာရှင်ရဲ့ စာနာမှုကို တောင်းခံလိုတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ နေရာမှာ စေ့စပ်ဆွေးနွေးရေးအပြင် တခြားလမ်းစဉ်တွေကို ကိုင်စွဲအသုံးချနိုင်မယ့် နိုင်ငံရေးအင်အားစုတွေက အစားထိုးပြီး လူထုနဲ့ တသားတည်းဖြစ်အောင် ကြိုးပမ်းသင့်ပါတယ်။

ပိုနေမြဲ၊ကျားနေမြဲအခြေအနေကိုဖန်တီးဖို့ အတိုက်အခံများက Normative Leverage strategy ကို ကျင့်သုံးလာခဲ့ရင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဆိုင်ရာ အတွေးအခေါ်ကြီးနှစ်ရပ်ဖြစ်တဲ့ initial transition နဲ့ political liberalization တို့မှာ အခြေခံတဲ့လမ်းစဉ်တွေရဲ့ရှေ့မှာကန့်လန့်ပိတ်ဖြစ်ပြီး၊ တိုင်းပြည်မှာ politicaldead lock ဖြစ်သွားတတ်ပါတယ်။ အဲဒီအခြေအနေက ရှည်ကြာလာခဲ့ရင်တိုင်းပြည်ရဲ့ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့်လဲဒီလိုအခြေအနေမျိုးကိုဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကတော့ လက်ခံလေ့မရှိကြပါဘူး။

ပဋိပက္ခ တခုမှာ အတိုက်အခံတွေဘက်က Initial transition ကို ထိထိရောက်ရောက်ဖြစ်အောင် အချိန်ကာလတခုအထိအကောင်အထည်မဖော်နိုင်တော့ဘူးဆိုရင် အာဏာရှင်တို့ဘက်က စတင်တဲ့ political liberalization ကို ထောက်ခံအကူအညီပေးမှုတွေဖြစ်လာတတ်ပါတယ်။ အာဏာရှင်ရွေးကောက်ပွဲတွေနဲ့ တက်လာတဲ့ အစိုးရတွေကို နိုင်ငံအများစုက အသိအမှတ်ပြုပြီး international legitimacy ပေးလိုက်တာတွေ ကမ္ဘာနဲ့အဝှမ်းမှာ ပေါ်ထွက်နေပါတယ်။ဒီလိုဖြစ်သွားစေတဲ့ အကြောင်းရင်းတွေ အများကြီးရှိပေမယ့် ထင်ရှားတဲ့ အကြောင်းရင်းကတော့ အတိုက်အခံတွေဟာ နိုင်ငံတကာအကူအညီကိုပဲ အားကိုးနေကြလို့ ဖြစ်ပါတယ်။

အာဏာရှင်တွေဘက်က political liberalization ကို BATNA အနေနဲ့ အသုံးပြုလိုက်တဲ့အခါ စေ့စပ်ဆွေးနွေးရေး လမ်းကြောင်းကို ပြန်တင်ဖို့ကလဲ မဖြစ်နိုင်၊ အတိုက်အခံတွေဘက်မှာကလဲ စေ့စပ်ဆွေးနွေးရေးကလွဲလို့ တခြားဘယ်လို BATNA မှ မရှိတော့တဲ့အတွက် political liberalization က ပေါ်ထွက်လာတဲ့ အစိုးရကိုပဲ နိုင်ငံတကာ အစိုးရတွေအနေနဲ့ လက်ခံစကားပြောရတော့တဲ့ အဆင့်ကို ရောက်သွားစေတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးလမ်းကြောင်းတွေနဲ့ ပတ်သက်ရင် အတွေးအခေါ် ရှင်းလင်းဖို့ အလွန်အရေးကြီးပါတယ်။

အာဏာရှင်နဲ့ အတိုက်အခံတို့အကြားမှာ နှစ်ဦးနှစ်ဘက်တွေ့ဆုံဆွေးနွေးဖို့အတွက် စေ့စပ်ဆွေးနွေးမှု ပန်းတိုင်ဆိုတာရှိပါတယ်။ ဒီမိုကရေစီအသွင်ကူးမှုနဲ့ပတ်သက်ရင်ဒါရဲ့အစားထိုးပန်းတိုင်အနေနဲ့ အာဏာရှင်တွေဘက်မှာ အာဏာရှင်ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရဆိုတာရှိပါတယ်။ အတိုက်အခံတွေဘက်မှာ လူထုတိုက်ပွဲ၊ လက်နက်ကိုင်တော်လှန်ရေးတို့နဲ့ ပေါင်းစပ်တက်လာတဲ့ ကြားဖြတ်အစိုးရ (ဝါ) ပြည်သူ့အစိုးရဆိုတာ ရှိပါတယ်။ စေ့စပ်ဆွေးနွေးမှုပန်းတိုင်ကို ရှောင်ဖယ်ပြီး အာဏာရှင်တွေဘက်က အစားထိုးပန်းတိုင်ကို ရွေးလိုက်တာနဲ့တပြိုင်နက် အတိုက်အခံဘက်ကလဲ ကိုယ့်ဘက်က အစားထိုးပန်းတိုင်ကို ရွေးချယ်ရမှာပါ။ ဒီလို ရွေးချယ်မှုတွေမှာ ပြည်တွင်းခေါင်းဆောင်တွေနဲ့ ပြည်ပခေါင်းဆောင်တွေရဲ့ လုပ်နည်းလုပ်ဟန်တွေက တူချင်မှ တူပါလိမ့်မယ်။ အပြန်အလှန်ထောက်ခံမှုကလဲ လိုချင်မှလိုပါလိမ့်မယ်။ ဒါပေမယ့် ဘယ်လို လုပ်နည်းလုပ်ဟန် ကွဲပြားမှုတွေရှိသည်ဖြစ်စေ ပန်းတိုင်ကတော့ တူညီဖို့ လိုအပ်ပါတယ်။

စေ့စပ်ဆွေးနွေးရေး၊ တွန်းအားတို့နဲ့ ပတ်သက်ပြီး နိုင်ငံတကာမှာ သွေးနဲ့ မော်ကွန်းတင်ထားရတဲ့၊ ရေရှည် ဆင်းရဲနွမ်းပါးမှု သံ သရာကနေ ရုန်းမထွက်နိုင်ခဲ့တဲ့ သမိုင်းသင်ခန်းစာတွေ အပြည့်ပါ။ တခြားနိုင်ငံများရဲ့ နိုင်ငံရေးနဲ့ သမိုင်းသင်ခန်းစာတွေကို သိဖို့မလိုပဲ ကိုယ့်

စာမျက်နှာ ၁၅ သို့

# နိုင်ငံရေးအကျဉ်းသားများ ထောင်ဝင်စာ ပိတ်ပင်ခံရမှု ပိုများလာနေ

**RFA । ဖေဖော်ဝါရီ ၈ ။** ။ စစ်အစိုးရဟာ အကျဉ်းသားတွေကို ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် ထားနေတယ်လို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မှာပြောနေပေမဲ့တကယ့်လက်တွေ့မှာတော့ နိုင်ငံရေးအကျဉ်းသားတွေ တိုက်ပိတ်ခံနေရပြီး ထောင်ဝင်စာ တွေ့ခွင့် မရတဲ့ ဖြစ်ရပ်တွေ အမြောက်အမြား ရှိနေတဲ့အတွက်အထူး စိုးရိမ်မိတယ်လို့ AAPP ခေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ဖေဖော်ဝါရီ ၈ ရက် ဒီကနေ့ ပြောဆိုလိုက်ပါတယ်။

AAPP ခေါ် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ)၏ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်က မြန်မာ စစ်အစိုးရ ဖမ်းဆီး အကျဉ်းချထားသော နိုင်ငံရေး အကျဉ်းသားများ၏ ဓာတ်ပုံကို ပြသပြီး ရှင်းလင်း ပြောကြားခဲ့ပါတယ်၊

ထောင်ဝင်စာ အပိတ်ခံထားရတဲ့ သူတွေထဲမှာ မြစ်ကြီးနား ထောင်က လူ့ရွှင်တော်ကိုဇာဂနာ၊ အင်းစိန်ထောင်က ဓာတ်ပုံသတင်းထောက် ကိုစည်သူဇေယျ၊ သရက်ထောင်က ၈၈ မျိုးဆက်ကျောင်းသူ မနီလာသိန်း၊ ပူတာအိုထောင်က ဒေါ်ထက်ထက် ဦးဝေတို့လည်းပါတယ်လို့ AAPP ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ AAPP တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က RFA ကို အခုလိုပြောပါတယ်။

"အခု လောလောဆယ် အင်းစိန်ထောင်မှာလည်း ပြဿနာတွေ တချို့ တက်နေတာ ရှိတယ်။ ဥပမာ ကိုစည်သူဇေယျပေါ့နော်၊ ဓာတ်ပုံရိုက်လို့ အဖမ်းခံရတယ်၊ သူလည်း ဟိုတလောက ပြဿနာတွေတက်ပြီးတော့ ၇ ရက် ၈ ရက်လောက် နေ့စဉ် အရိုက်ခံရတာတွေရှိတယ်။ ပြီးတော့ ထောင်ဝင်စာတွေ့ခွင့်လည်း အပိတ်ခံထားရတာရှိတယ်။"

"နောက် အဲလိုမျိုးပဲ ဒီပြဿနာမတက်ပဲနဲ့ ထောင်ဝင်စာ အပိတ်ခံရတဲ့ သူတွေလည်း ရှိတယ်။ ဥပမာ ကိုဇာဂနာဆိုရင် ပြဿနာဖြစ်တာမဟုတ်ဖူး၊ ဒါပေမဲ့ မိသားစုအရင်းမဟုတ်လို့ မတွေ့ရဘူးဆိုတဲ့ဟာမျိုးတွေ ရှိတယ်။"

"ဒါတွေဟာ နအဖကနေပြီးတော့ ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံရေး အကျဉ်းသားတွေကိုဒုက္ခမရောက်ရောက်အောင်လုပ်နေတဲ့ပုံစံမျိုးတွေ ရှိတယ်။ ဒီ နိုင်ငံတကာမှာကျတော့ သူတို့က အကျဉ်းသားတွေကို ကောင်းကောင်းမွန်မွန် ဆက်ဆံနေပါတယ်လို့ မျက်နှာပြောင်တိုက်ပြီး ရှင်းနေတာမျိုးတွေ ရှိတယ်။"

"ဒါကြောင့်မို့ ကျွန်တော်တို့က နိုင်ငံတကာကိုလည်း လက်တွေ့အခြေအနေမှာတော့ ဒါတွေဖြစ်နေပါတယ်လို့ပိုပြီးတော့ သိလာအောင် ဆက်အသိပေးနေတာ ဖြစ်ပါတယ်။"

အခုလို ထောင်ဝင်စာပိတ်ခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ X20 သင်္ကြန်ရေကစားမဏ္ဍပ် ရှေ့က ဗုံးကွဲမှုနဲ့ စွပ်စွဲခံရပြီး အဖမ်းခံထားရတဲ့ ကိုဖြိုးဝေအောင်လည်း ပါနေပါတယ်။ သူ့ကို မနေ့ကစပြီး ထောင်ဝင်စာပိတ်ထားတာလို့ မိသားစုဝင်တွေဆီက တဆင့် သိရပါတယ်။

စစ်အစိုးရဟာ နိုင်ငံရေးလှုပ်ရှားသူ ၂၀၀၀ ကျော်ကို ဖမ်းဆီး ထောင်ချထားပါတယ်။ အဲဒီထဲမှာ ၁၅၄ ဦးက လတ်တလော ကျန်းမာရေးချို့တဲ့နေပြီး ဆေးကုသခွင့် ကောင်းကောင်းမွန်မွန်မရဘူးလို့ AAPP က ပြောပါတယ်။

တဆက်တည်းမှာလည်း ပြီးခဲ့တဲ့ သင်္ကြန်က ရန်ကုန်မြို့ကန်တော်ကြီးစောင်း X20 ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုနဲ့စွပ်စွဲ ဖမ်းဆီးခံခဲ့ရတဲ့ ကိုဖြိုးဝေအောင်ဟာ အင်းစိန်ထောင်မှာ တိုက်ပိတ်ခံနေရတဲ့အတွက် မိသားစုက တွေ့ခွင့်ရဖို့ အာဏာပိုင်တွေထံတောင်းဆိုထားတယ်လို့ သိရပါတယ်။

# မယ်လစခန်းက ဆေးဝန်ထမ်းများ အလုပ်မဆင်း ဆန္ဒပြမှုကြောင့်လူနာသေဆုံးမှုရှိ

**DVB । ဖေဖော်ဝါရီ ၇ ။** ။ ထိုင်း–မြန်မာနယ်စပ် မယ်လဒုက္ခသည်စခန်းက ဆေးရုံမှာ ဝန်ထမ်းတွေအားလုံးအလုပ်မဆင်းဘဲ ဆန္ဒပြနေကြတဲ့အတွက် လူနာသေဆုံးမှုရှိနေပါတယ်။

ဆေးရုံဝန်ထမ်းတွေဟာ ပြီးခဲ့တဲ့ ၄ ရက်နေ့ နေ့ခင်း ၁ နာရီကစပြီး အလုပ်ကနေ နုတ်ထွက်တဲ့အနေနဲ့ အလုပ်မဆင်းတော့တာကြောင့် ဆေးရုံတက်နေတဲ့ လူနာတွေလည်း အိမ်ကို ပြန်သွားရပါတယ်။ ဆေးရုံကနေ အိမ်ကိုပြန်သွားတဲ့လူနာထဲက နှစ်ယောက် စနေနေ့ညက ကွယ်လွန်သွားတာလို့ အမည်မဖော်လိုတဲ့စခန်း တာဝန်ရှိသူတဦးက ပြောပါတယ်။

လက်ရှိမှာတော့ မယ်လစခန်းက ဆေးရုံအတွင်း ကျန်းမာရေး ဝန်ထမ်းရော၊ လူနာတွေပါ တယောက်မှမရှိတော့ဘူးလို့ဆိုပါတယ်။ ဆေးရုံဝန်ထမ်း တွေဘာကြောင့် အခုလိုအလုပ်မဆင်း ဆန္ဒပြလဲဆိုတာကိုတော့ တရားဝင်ထုတ်ဖော်ပြောဆိုတာမျိုးမရှိပေမယ့် ဆေးရုံးအုပ် ဆရာနေဆဲကို Aide Medical International (AMI) အဖွဲ့က စခန်းကျန်းမာရေးကိစ္စနဲ့ ပတ်သက်ပြီး သတင်းမီဒီယာတွေကို ပြောလို့ဆိုပြီး အလုပ်ထုတ်လိုက်တဲ့အတွက် မကျေနပ်လို့ ဆန္ဒပြတာလို့ သိရပါတယ်။

အလုပ်မဆင်းဘဲ ဆန္ဒပြတဲ့ ဆေးရုံဝန်ထမ်းတယောက်ကတော့ ဆရာနေဆဲကို အလုပ်ကနေရပ်နားတာ ပါဝင်သလို တခြားအကြောင်းအရာတွေလည်း ပါဝင်ကြောင်းပြောပေမယ့် အသေးစိတ်ကို ရှင်းပြဖို့ ငြင်းဆိုခဲ့ပါတယ်။ ဆေးရုံဝန်ထမ်းတွေ အလုပ်ကနေ မထွက်ခင်အထိ ဆေးရုံပေါ်မှာ အတွင်းလူနာ ၁၀၀ ကျော်ရှိပြီး ဝန်ထမ်းအားလုံး ၂၀၀ ကျော်ရှိတယ်လို့ အမည်မဖော်လိုတဲ့ အဲဒီ ဆေးရုံဝန်ထမ်းက ပြောပါတယ်။

လက်ရှိဖြစ်ပွားနေတဲ့ ပြဿနာတွေ ပြေလည်ဖို့ ကရင်ဒုက္ခသည် များကော်မတီ၊ ထိုင်းအာဏာပိုင်တွေနဲ့ စခန်းကော်မတီအဖွဲ့ဝင်တွေ ဒီနေ့အစည်းအဝေးပြုလုပ်နေပြီး မနက်ဖြန်မှာတော့ ဝန်ထမ်းတွေအားလုံးနဲ့ ဆွေးနွေးညှိနှိုင်းမှာဖြစ်တယ်လို့ အမည်မဖော်လိုတဲ့ စခန်းတာဝန်ရှိသူတဦးက ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အသေးစိတ်သိရဖို့ စခန်းဥက္ကဋ္ဌကို ဆက်သွယ်ခဲ့ပေမယ့် ဆက်သွယ်လို့ မရရှိခဲ့ပါ။

**စာမျက်နှာ ၁၃ မှ**

နိုင်ငံရဲ့ နိုင်ငံရေးမှာ လက်တွေ့ဘယ်လို ပါဝင်ဆောင်ရွက်ဖို့ပဲလိုတယ်လို့ အချို့က ဆိုတတ်ကြပါတယ်။ ဖဲသမားတွေ ဘဝပျက်တယ် ဆိုတာကို ကိုယ်တိုင်ဖဲရိုက်၊ ဘဝအပျက်ခံပြီးမှ သိစရာ မလိုပါ။ ဘိန်းဖြူထိုးရင် သေတတ်တယ်ဆိုတာကို ကိုယ်တိုင် ဘိန်းစားပြီး၊ သေပြစရာ မလိုပါ။ သူတပါးဘဝများမှ သင်ခန်းစာများကိုလဲ ယူသင့်ရင် ယူတတ်ဖို့လိုပါတယ်။ သူတပါးနိုင်ငံရဲ့ သမိုင်းသင်ခန်းစာများမှလဲ ရှောင်အပ်၊ ဆောင်အပ်တဲ့ သင်ခန်းစာတွေကို ယူသင့်ရင် ယူတတ်ဖို့လိုပါတယ်။

စေ့စပ်ဆွေးနွေးရေးနှင့် ဖြစ်စဉ် (Process)

စေ့စပ်ဆွေးနွေးမှုဆိုတာ ရှုပ်ထွေးတဲ့ သဘောတရားတခုဖြစ်သလို၊ စေ့စပ်ဆွေးနွေးမှု ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်ချက်တွေကလဲ ရှည်လျားလှပါတယ်။ ဒီလို ရှုပ်ထွေးရှည်လျားတဲ့ လုပ်ဆောင်ချက်တွေကို ဖြစ်စဉ်အဆင့်ဆင့် ခွဲခြားသတ်မှတ်လိုက်တဲ့ အခါကျတော့ အကောင်အထည်ဖော်တဲ့အခါ လွယ်ကူသွားစေပါတယ်။ နိုင်ငံရေးပညာရှင် Shell ဆိုသူက စေ့စပ်ဆွေးနွေးရေးနဲ့ ပတ်သက်တဲ့ ဖြစ်စဉ် အဆင့်ဆင့်ကို ပြင်ဆင်သောအဆင့်၊ သတင်းအချက်အလက် ဖလှယ်သောအဆင့်၊ စေ့စပ်ဆွေးနွေးမှု စတင်သောအဆင့်နဲ့ စေ့စပ်ဆွေးနွေးမှု ပြီးဆုံးပြီး အကောင်အထည်ဖော်ရန် commitment ရှိသောအဆင့်ဆိုပြီး အဆင့်လေးဆင့် ခွဲခြားဖော်ပြခဲ့ပါတယ်။ ဒီအဆင့် လေးဆင့်ဟာ နောက်ဆုံးအဆင့်ကို မရောက်မချင်း ဆင့်ကဲဖြစ်ပေါ်နေမှာ ဖြစ်ပါတယ်။ ဒီစေ့စပ်ဆွေးနွေးမှု ဖြစ်စဉ်ကို စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ နိုင်ငံတကာ ရေးရာတွေမှာ အသုံးပြု ဖော်ဆောင်နေကြပါတယ်။

ပဋိပက္ခဖြေရှင်းရေးမှာ စေ့စပ်ဆွေးနွေးမှုကို ဖြစ်စဉ်တရပ်အနေနဲ့ အသုံးပြုဖော်ဆောင်မယ်ဆိုရင် ပထမဦးဆုံး Track I, II, III ခေါင်းဆောင်မှုအကြောင်းကို နားလည်သိရှိဖို့ လိုပါတယ်။

Track I ခေါင်းဆောင်တွေဆိုတာက မြင်သာ၊ ထင်သာရှိပြီး တိုင်းပြည်ကိုကိုယ်စားပြုတဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့ စစ်ရေးခေါင်းဆောင်များကို ဆိုလိုပါတယ်။ ပြည်တွင်းရေးပဋိပက္ခတွေမှာတော့ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ လူမျိုးစုခေါင်းဆောင်တွေ ပါဝင်ပါတယ်။ စေ့စပ်ဆွေးနွေးအဖြေရှာမှုတွေနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ ဆုံးဖြတ်ချက်တွေကို အများပြည်သူက လက်ခံတဲ့အခြေအနေမှာ ရှိနေရပါမယ်။ ဒါကြောင့် အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေဟာ လူထုနဲ့ တသားတည်း ရှိနေဖို့ လိုအပ်လှပါတယ်။

ကမ္ဘာ့သမိုင်းထဲက လွတ်လပ်ရေး၊ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွေမှာ စေ့စပ်ဆွေးနွေးတဲ့ ညီလာခံတွေ ပေါ်ပေါက်လာပြီးမှ စေ့စပ်ဆွေးနွေးပွဲမှာ ဆုံးဖြတ်ချက် ချမှတ်လိုက်တဲ့ ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေက လူထုတရပ်လုံးကို ကိုယ်စားမပြုတာကြောင့် အသွင်ပြောင်းမှုတွေ စတင်လိုက်တာနဲ့ ပြည်တွင်းစစ်မီးတွေ၊ တိုင်းပြည်ခွဲထွက်မှုတွေ စတင်လာခဲ့တာတွေ ရှိပါတယ်။ ဒါကြောင့် Track I ခေါင်းဆောင်မှု တာဝန်ဆိုတာ အလွန် အရေးကြီးပါတယ်။ ဒီတာဝန်ကိုယူဖို့ ကြိုးစားတဲ့ ခေါင်းဆောင်တွေ (သို့မဟုတ်)အများက သဘောတူ ရွေးချယ်ထားတဲ့ ခေါင်းဆောင်တွေဟာ မိမိတို့ကို လူထုရဲ့ ဘယ်လောက်ရာခိုင်နှုန်းက ခေါင်းဆောင်အဖြစ် ဘယ်အခြေအနေထိ ကိုယ်စားပြု ခွင့်ပေးထားသလဲဆိုတာကို စဉ်ဆက်မပြတ် အကဲဖြတ်နေဖို့ လိုအပ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်ရန် ၈၈ မျိုးဆက် တိုက်တွန်း

**DVB ၊ ဖေဖော်ဝါရီ ၁၀ ။** ။ လက်ရှိအစိုးရအပါအဝင် အမျိုးသားအင်အားစုအားလုံး အတူတကွလက်တွဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော် ဆောင်ကြဖို့ ၈၈ မျိုးဆက်ကျောင်းသားများက အင်အားစုအားလုံးကို ဒီနေ့တိုက်တွန်းပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်မှုရဖို့ အစိုးရသစ်က အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ ပြည်ထောင်စုနေ့မတိုင်မီ ထုတ်တဲ့ ဒီနေ့ကြေညာချက်မှာ တိုက်တွန်းထားပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်းက ခုလိုပြောပါတယ်။

"တပ်မတော်အစိုးရအပါအဝင် ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ရနိုင်ငံရေးပါတီ အသီးသီးကလည်း ပြောနေတာကတော့ အမျိုးသားပြန်လည်ချစ်ကြည်သင့်မြတ်ရေးကိုဖေါ်ဆောင်ရမယ်ဆိုတာအရေးကြီးတယ်ဆိုတာနားလည်းလက်ခံထားတယ်လို့ ပြောနေကြတယ်။ ဒါကြောင့် ကျနော်တို့ဟာ နိုင်ငံရေးယုံကြည်ချက် ခံယူချက်တွေကွဲပြားတာ ဘယ်လိုပဲရှိရှိ ကျနော်တို့ အမျိုးသားအင်အားစုတွေအားလုံးဟာ တကယ့်ကို တသားတည်းဖြစ်နေတဲ့ လက်ရည်တပြင်တည်း ကျနော်တို့က တစုတစည်းတည်း စိတ်ဓာတ်နဲ့အမျိုးသားသွေးစည်းချစ်ကြည်ရေးကို တည်ထောင်နိုင်မယ်ဆိုရင် တည်ဆောက်နိုင်မယ်ဆိုရင် တကယ့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို အမှန်တကယ် တည်ဆောက်နိုင်မှာဖြစ်တယ်၊ အဲဒါကြောင့် ဒါ အခုအချိန်မှာကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးဖို့ အချိန်တန်နေပြီ ဆိုတဲ့အကြောင်း ကျနော်တို့ အလေးနက်ထား ပြောချင် တယ်၊ ပြီးတော့ အမျိုးသားပြန် 'လည်သင့်မြတ်ရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ ပေါ့ ဗျာ အမျိုးသားအင်အားစုအားလုံးပေါ့။"

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ စည်းလုံးပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်နိုင်ခဲ့တဲ့သမိုင်းဝင် ပင်လုံစာချုပ်သက်တမ်းဟာ ၆၄ နှစ်တိုင်လာပေမယ့် နယ်စပ်မှာ တိုင်းရင်းသားတွေနဲ့ တိုက်ပွဲတွေဖြစ်နေသလို နိုင်ငံအနှံ့ အကျဉ်းထောင်တွေမှာလည်း ရာထောင်ချီတဲ့ နိုင်ငံရေးအကျဉ်းသားတွေရှိနေခြင်းဟာ အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲနေတာ ထင်ရှားတယ်လို့လည်း ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားများက ထောက်ပြထားပါတယ်။

လပိုင်းအတွင်း သက်ဝင်လှုပ်ရှားလာတဲ့ လူငယ်ကွန်ရက်ဖွဲ့စည်းလုပ်ဆောင်ရေးကိစ္စကို ၈၈ မျိုးဆက် ကျောင်းသားများက လိုက်လိုက်လှဲလှဲကြိုဆိုတယ်လို့ ကိုစိုးထွန်းက ပြောပါတယ်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မှတ်တမ်းအရ အစိုးရဟာ နိုင်ငံရေးအကျဉ်းသားနှစ်ထောင်ကျော်ကို အကျဉ်းချထားတယ်လို့ သိရပါတယ်။

# ဗိုလ်ကြီးအဆင့် နအဖစစ်တပ်အရာရှိတဦး ထိုင်းနယ်စပ်ထွက်ပြေးရောက်ရှိ

**DVB ၊ ဖေဖော်ဝါရီ ၉ ။** ။ ဖေဖော်ဝါရီလဆန်းမှာ နအဖအမြောက်တပ်က အရာရှိတဦး တာဝန်ကျရာနေရာကနေ ထိုင်းမြန်မာနယ်စပ်သို့ ထွက်ပြေးရောက်ရှိလာခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အမြောက်တပ်က အရာရှိတဦးထိုင်းမြန်မာနယ် စပ် တနေရာကို ထွက်ပြေးရောက်ရှိခဲ့ပါတယ်။

ရှမ်းပြည်နယ် လင်းခေးအခြေစိုက် အမှတ် ၃၆၁ အမြောက်တပ်ရင်းမှ အရာရှိဗိုလ်ကြီးဝေဖြိုးအောင်က သူထွက်ပြေးလာရတာနဲ့ပတ်သတ်ပြီး ဒီဗွီဘီ အခုလို ပြောပါတယ်။

“ကျနော်တို့အဲဒီဗိုလ်ချုပ်မြဝင်းဗျူ မတည့်ဘူးပေါ့။ ကျနော်အရင်တုန်းက နည်းနည်းတော့ ကြာသွားပြီ၊ သူ့ကိုဝေဖန်တာပေါ့၊ အဲတော့ စကားနဲ့ဝေဖန်တာကို သူကကြားသွားပြီး အာဃာတ အငြိုးအတေးတွေဘာတွေ အဲလိုမျိုးထားတဲ့သဘောပေါ့၊ ခုချိန်ထိ သူ့စိတ်ထဲမှာ အာဃာတ အငြိုးအတေးတွေဘာတွေ ကျနော့်ကို ထားထားတယ်။ ကျနော် တော်ရုံတန်ရုံ သူများနဲ့ အခွင့်အရေးပေးရင် ကျနော့်ကို တေးထားတာတွေ ရှိခဲ့တာပေါ့၊ ကျနော့်ကလက်တွေ့ ခံစားရတာပေါ့၊ အဲဒါမျိုးတွေကြောင့် ကျနော်ပြေးလာတာ။”

အငြိုးအတေးထားတတ်တဲ့ အမြောက်တပ်ညွှန်းကြားရေးမှူး ဗိုလ်ချုပ်မြဝင်းကြောင့် ထွက်ပြေးလာခဲ့ရတာပါလို့ပြောသွားတာပါ။ မြန်မာတပ်မတော်က ဗိုလ်ချုပ်အများစုဟာ အုပ်စုဖွဲ့ဘက်လိုက်တာတွေရှိနေပြီး ခွဲခြားဆက်ဆံတာတွေရှိနေ ပြီလို့လည်း ဗိုလ်ကြီးဝေဖြိုးအောင်က ပြောပြပါတယ်။

“တော်တော်များများကတော့ ပညာသားပါပါ၊ အဲလို သူတို့က နှိပ်ကွပ်တာတော့ရှိတယ်၊ ပညာသားပါပါ နှိပ်ကွပ်တယ်ဆိုတာ အခွင့်အရေးတခုခု ပေးလာရင် ဒီလူ့ကို မပေးတော့တာမျိုးတို့၊ ယှဉ်လာရင် အခွင့်အရေးတခုခု နေရာတခုခု ပေးလာခဲ့သည်ရှိသော် သူမကျေနပ်တဲ့လူဆိုရင်တော့ မပေးတော့ဘူး၊ ကျန်တဲ့လူကိုပေးတယ်၊ သူနဲ့မတည့်တဲ့လူဆို ဥပမာ ကျနော်နဲ့မတည့်တဲ့လူဆို ပိုနေရာပေးတယ်၊ အဲလိုမျိုးရှိတယ်၊ ကျနော်နဲ့ တည့်တဲ့လူဆို ကျနော့်ကို မတည့်တဲ့အတွက် ကျနော်နဲ့တည့်တဲ့လူဆိုရင် ပိုပြီးတော့ပြန်နှိပ်ကွပ်တယ်၊ အဲဒါမျိုး၊ ကျနော့်ကို တည့်တဲ့လူတွေကို ပြန်နှိပ်ကွပ်တဲ့ အနေအထားတွေရှိတယ်။”

မြန်မာတပ်မတော်ထဲမှာတော့ အခြားအဆင့် စစ်သည်အများစုဟာ စီးပွားကျပ်တည်းတာရင်ဆိုင်နေရပြီး တပ်ပြင်ထွက်ပြီးအလုပ်လုပ်ကိုင်နေရတယ်လို့ လည်း ပြောဆိုသွားပါတယ်။

“စီးပွားရေးအရ တချို့တပ်တွေကျတော့ လုပ်လို့ရတဲ့ တပ်တွေရှိတယ်၊ လုပ် မရတဲ့တပ်တွေ ရှိတယ်၊ ဘေးပတ်ဝန်းကျင် စိုက်ခင်းတွေမှာ သွားလုပ်ကြပေါ့၊ အဲဒါမျိုးပေါ့၊ ဘေးနားက ရွာတွေမှာ သွားပြီးတော့ ရွာမှာရှိတဲ့ စိုက်ခင်းတွေမှာ ပဲပုပ်စိုက်ခင်းနဲ့ တောင်ယာတွေမှာသွားပြီးတော့ အငှားသွားပြီးတော့ ရိတ်နေတာတို့ စိုက်နေရတာတို့ပေါ့၊ တနေ့ကို တထောင်ပဲရရ အဲလိုမျိုးသွားသွားပြီး လုပ်နေရတယ်၊ အဲဒီက ရတဲ့ပိုက်ဆံရတယ်၊ နောက်ထင်းတွေဘာတွေ ခုတ်ပြီး ရောင်းတာတို့ အဲဒါမျိုးလေးတွေ ဒါလည်းကျနော်တို့တပ်မှာပဲရတာ၊ ထင်းခုတ်တာက၊ ကျန်တဲ့တပ်တွေဆိုရင် ဘေးပတ်ဝန်းကျင်ရွာတွေမှာ သွားလုပ်တာတွေမျိုးတွေ တထောင်ပေါ့ဗျာ၊ စိုက်ပျိုးရေးကို သွားလုပ်နေရတယ်၊ အဲလိုမျိုးတွေ လုပ်ကြရတာများတယ်။”

မြန်မာစစ်တပ်ကနေ အကြောင်းအမျိုးကြောင့် ထိုင်းမြန်မာနယ်စပ်ကို ထွက်ပြေးရောက်ရှိခဲ့သူပေါင်း အရာရှိစစ်သည်အပါအဝင် အယောက် ၂၀၀ ကျော်ရှိနေပြီလို့ မြန်မာစစ်တပ်ကနေ ထွက်ပြေးလာတဲ့သူတွေကို ကူညီစောင့်ရှောက်နေသူတွေ က ပြောကြပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER